
မြွတ်ပန်းရဂုံပုံပြင်များ(၁၂)

# ပရွတ်ရွှတ်တလင်မယား နှင့် အခြားဟာသပုံပြင်များ

မင်္ဂလာချင်အောင်



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြတ်ပန်းရဂုံပုံပြင် - ၁၂

# ဗရွတ်ရွတ်တလင်မယား

နှင့်

# အခြားဟာသပုံပြင်များ

မဂ်ဃာရှင်အောင်

မြတ်ပန်းရဂုံ စာအုပ်တိုက်

စာမူခွင့်ပြုချက်အမှတ် * ၅၁၀၀၄၆၀၅၀၆
မျက်နှာဖုံးခွင့်ပြုချက်အမှတ် * ၅၁၀၈၄၂၀၅၀၇
ပထမအကြိမ် * ၂၀၀၅ – ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ * ၁၀၀၀
အဖုံးဒီဇိုင်း * အဖုံးပန်းချီ မျှော်စိုးဟန်
* ကွန်ပျူတာစာစီ * Dream City

**ထုတ်ဝေသူ**

ဦးခင်မောင်ဦး (မြ – ၀၄၀၇၃)
၄၇၃ (က)၊ နီလာ (၆) လမ်း၊ (၇) ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အဖုံးနှင့် အတွင်းစာပုံနှိပ်သူ**

ဦးအောင်မြင့်သိန်း (မြ – ၀၆၃၆၄)
အင်ကြင်းမြိုင် ပုံနှိပ်တိုက်
အမှတ် ၁၄၇၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**တန်ဖိုး ၁၅၀ိ**

# မာတိကာ


| | | |
|---|---|---|
| ၁။ | လက်ဖျားခါလောက်သည် | ၁ |
| ၂။ | ခုတ်တလွဲ ရှုတ်ခြား | ၆ |
| ၃။ | အလွန်မှန်သော ဦးဘမှန် | ၁၃ |
| ၄။ | သူဌေးကြီး လေကသန်း | ၂၀ |
| ၅။ | နောက်ဆုံးတော့ နောက်ဆုံးပါပဲ | ၃၀ |
| ၆။ | လေကိုဥဒိုနှင့် မောင်ကျဘမ်း | ၃၇ |
| ၇။ | ထူးလည်းထူးသည့် ကိုဉာဏ်ထူး | ၄၉ |
| ၈။ | ပျင်းတစ်ဖြစ်လဲ မောင်ထွေး | ၅၅ |
| ၉။ | သိသားပဲနှင့် ထင်သားပဲ | ၆၄ |
| ၁၀။ | အကြောက်လွန်သွားသော နပန်းသမား | ၆၉ |
| ၁၁။ | ရယ်စရာပြောသော အမတ် | ၇၇ |
| ၁၂။ | ငွေမွေးထူကို စားပစ်မည် | ၈၄ |
| ၁၃။ | ခဏ္ဍီယကညာ ပြဿနာတက် | ၉၀ |
| ၁၄။ | ဗရွတ်ရွတ်တလင်မယား | ၉၈ |
| ၁၅။ | ကိုတတ်ယောင်ကား | ၁၀၅ |
| ၁၆။ | လှမ်း၍ပြောလိုက်ပုံမှာ | ၁၁၂ |
| ၁၇။ | ဗျိုင်းကိုတက်နင်းခြင်း | ၁၁၆ |
| ၁၈။ | ဆုံကြိမ်းလှသချာ | ၁၂၂ |
| ၁၉။ | ကိုတစ်ကဲသာ | ၁၂၈ |

အကြောင်းသော်ကား ကျားတစ်ကောင်က
သူ့ကိုကိုက်ချီ သွားသည့်အတွက် ဖြစ်ပေ၏။
သူသည် တောထဲရှိ သစ်ပင်တစ်ပင်အောက်၌
ကျားတစ်ကောင်ကို တွေ့ရ၏။ ကျားသည်
ခြသေ့်ထိုင် ထိုင်နေ၏။
မုဆိုးမသားကား ဝါကျင်ကျင် အသွေးအရောင်ကို
တရားသေမှတ်ထားပြီး ဆောင့်ကြောင့်ထိုင်ကာ
ရှိသေစွာ ရှိခိုးလေတော့၏။ ထိုခဏတွင်ပင်
ကျားက မုဆိုးမသားကို ခုန်အုပ်ပြီး တောတွင်းသို့
ကိုက်ချီသွားလေတော့သတည်း။

# လက်ဖျားခါလောက်သည်

တစ်ရံရောအခါက ရွာတစ်ရွာတွင် မုဆိုးမ သားအမိနှစ်ယောက် ရှိကြလေသည်။ မုဆိုးမကြီးမှာ ဖတဆိုးသားလေးအား မပြောရက် မဆိုရက် အလိုလိုက်ထားခဲ့၏။

ထိုအခါ သားကလေးမှာ ဘာဆိုဘာမျှ ပိန်းပိတ်သား မသိသော အနွံ ငတုံးကလေး ဖြစ်နေတော့သည်။

တစ်နေ့သောအခါတွင် မိခင်မုဆိုးမကြီးမှာ နာမကျန်းဖြစ်ရာ အိပ်ရာထဲ လဲလေတော့၏။ သို့အတွက် သားကလေးအား မခိုင်းစေလျှင် မဖြစ် ခိုင်းစေရလေ၏။

"သားရေ အိမ်မှာ ဟင်းချက်စရာ မရှိဘူးကွယ်၊ ရွာပြင်ထွက်ပြီး ဟင်းချက်စရာလေး ရလိုရငြား ရှာချေပါကွယ်"

မိခင်က အိပ်ရာထဲမှ လှမ်းပြီးခိုင်းသဖြင့် သားကလေးမှာ ရွာပြင်ရှိ တောစပ်သို့ ထွက်လာခဲ့ရသည်။ သူသည် တောထဲသို့ တစ်စ တစ်စနှင့် ဝင်ရောက်လာရာ တောင်ပို့တစ်လုံးတွင် မှို

များကို တွေ့ရလေ၏။

မှိုကို သူသိသည်။ သူတစ်ပါး နုတ်လာသည်ကို မြင်ဖူး၏။ အမေ ချက်ကျွေးသဖြင့် စားဖူး၏။ သို့ဖြစ်၍ မှိုကား စားရာပါ တကား ဟု သိ၏။

တောင်ပို့ပေါ်တွင်ရော အောက်ခြေမှာပါ မှိုပွင့်တွေ အငုံ တွေ ပြည့်နေ၏။ သူသည် ဝမ်းသာအားရဖြင့် မှိုတွေကိုယူကာ အိမ်သို့ပြန်လာသည်။ သို့သော် သူကား မှိုငုံ မှိုပွင့်များကို အခြေ ပါအောင် နုတ်မယူ။ အငုံအပွင့်များကိုသာ အလွယ်တကူ ခြွေ ယူခဲ့သည်။

အမေက နေမကောင်းလျက်ဖြင့် ပြုံးရယ်ပြီး သင်ကြား သည်။

"အခုလို ညိုညိုပြားပြားဝိုင်းဝိုင်းကြီးတွေ တွေ့ရင် အောက် ခြေက ခြေတံပါ ပါအောင် တူးယူရတယ်သားရဲ့၊ မှတ်ထား"

သားသည် ထိုစကားကို စွဲမှတ်ထားသည်။ နောက်တစ်နေ့ တွင် တောထဲသို့ ဟင်းလျာရှာဖွေရန် ထွက်လာသောအခါ မြေ တွင် ပေါက်သော ညိုညိုဝိုင်းဝိုင်း မှိုပွင့်ကိုကား မတွေ့။ သစ်ကိုင်း တွင် စွဲနေသော ပျားစွဲကြီးတစ်ခုကို တွေ့လေ၏။

"ဒီမှိုက အဆန်းပဲဟ၊ သစ်ပင်ပေါ်မှာ ပေါက်တယ်ဟ"

မုဆိုးမ၏သားသည် ပျားစွဲကို မဖွပ်ဘဲ သစ်ကိုင်းကြီးပါ ချိုးယူသည်။ သစ်ကိုင်း လှုပ်သောအခါ ပျားတွေ ပွထလာပြီး မုဆိုးမ၏သားကို တုပ်တော့၏။

သူ့ခမျာ ပျားစွဲ ပျားအုံကြီးကား ရလာပါ၏။ သို့ရာတွင် မျက်နှာတစ်ပြင်လုံး ပျားတုပ်သဖြင့် အာလူးသီးတွေ၊ သဖန်းသီးတွေ စီထားဘိသို့ မြင်မကောင်း ရှုမကောင်း ဖြစ်နေလေ၏။

မိခင် မုဆိုးမကြီးသည် ပျားလပို့မှ ပျားရည်များကို စိတ်မကောင်းစွာဖြင့် ခွက်တစ်ခုထဲသို့ ညှစ်ထည့်ရင်း သားအား သင်ကြား၏။

"ဒါကို ပျားစွဲလို့ခေါ်တယ် လူကလေး၊ ဒီလို ဝါကျင်ကျင် အဝိုင်းကြီးတွေ့ရင် ပျားတွေပြေးအောင် ပထမဆုံး မီးနှင့်မြှိုက်ရတယ်၊ ပျားတွေမရှိတော့မှ ဖွဲ့ယူချင်ယူ၊ ညှစ်ယူချင် ယူပေါ့"

မုဆိုးမ၏သားသည် မအေ့စကားကို အသေမှတ်ထားလိုက်သော်လည်း နေရာတကျ မဟုတ်ချေ။ အသိတရား မပါသော မှတ်သားမှုသာ ဖြစ်၏။

သို့ဖြင့် နောက်တစ်နေ့တွင် ဟင်းသီးဟင်းရွက်ရှာရန် မုဆိုးမ၏သားသည် တောထဲသို့ ထွက်လာခဲ့ရာ သစ်ပင်တစ်ပင်၏ ခြေရင်း မြက်တောထဲ၌ ထိုင်နေသော လူတစ်ယောက်ကို မြင်လေ၏။

ထိုသူသည် ပျားစွဲ၏ပုံသဏ္ဌာန်လည်း မရှိ၊ ပျားစွဲလည်း မဟုတ်။ လူဖြစ်သည်။ သို့တစေ သူ့ကိုယ်တွင် ဝတ်ဆင်ထားသော ယောဂီရောင် အဝတ်မှာမူ ပျားစွဲအရောင်နှင့် ဆင်ဆင်တူသည်။

သို့အတွက် မုဆိုးမ သားသည် ထိုသူအား ပျားစွဲအမှတ်

ထားလျက် မီးဖြင့် ဝိုက်လေ၏။

"ဟဲ့ ဟဲ့ ဘယ့်နှယ့် လုပ်တာတုန်း၊ အမယ်လေး အမယ်လေး"

မီးရှို့ခံရသူသည် အော်ဟစ်ပြီး မြေပြင်၌ လူးလိမ့်ပစ်သဖြင့် မီးငြိမ်းသွားလေ၏။ ထို့နောက် မုဆိုးမသားအား ငေါက်ငန်း ဆဲဆိုပြီး ရိုက်ပုတ်လွှတ်လိုက်လေ၏။

သို့ဖြစ်သဖြင့် မုဆိုးမ သားမှာ ချက်ပြုတ်စရာ စားစရာ ဘာမျှမပါဘဲ လက်ချည်းဗလာ ပြန်လာခဲ့ရလေသည်။

"ယနေ့တော့ ဘာမျှမရတဲ့အပြင် အဖုအပိန့် အရှိုးအစင်းတွေပဲ ရခဲ့တယ် အမေရေ့"

ထိုကဲ့သို့ အစချီလျက် မုဆိုးမ သားသည် ဖြစ်ပျက်ပုံများကို မိခင်အား ပြန်ပြောင်းပြောပြ၏။

"ဖြစ်ရလေ သားရယ်၊ အဲဒါ များစွဲမဟုတ်ဘူး သားရဲ့၊ သူတော်ကောင်းခေါ်တယ်၊ နောက်နောင်ကို မှတ်ထား ငါ့သား၊ သစ်တစ်ပင် ဝါးတစ်ပင်အောက်မှာ အဲဒါမျိုးတွေ့ရင် ထိုင်ပြီး ရှိခိုးနော်"

မုဆိုးမ သားသည် ထုံးစံအတိုင်း ထိုစကားကိုလည်း အသေမှတ်ထားလိုက်၏။ နောက်တစ်နေ့ တောထဲသို့အရောက်တွင် ဆင်ခြင်သုံးသပ်မှု မပါသော အသေမှတ်သားမှုကို ကျင့်သုံးလိုက်ရာ ဆက်ရန်မရှိသော ဇာတ်လမ်းတစ်ပုဒ်ဖြစ်သွားလေ၏။

အကြောင်းသော်ကား ကျားတစ်ကောင်က သူ့ကို ကိုက်ချီ

သွားသည့်အတွက် ဖြစ်ပေ၏။ သူသည် တောထဲရှိ သစ်ပင်တစ်ပင် အောက်၌ ကျားတစ်ကောင်ကို တွေ့ရ၏။ ကျားသည် ခြသေ့ ထိုင် ထိုင်နေ၏။

မုဆိုးမ သားကား ဝါကျင်ကျင် အဆွေးအရောင်ကို တရေး သေ မှတ်ထားပြီး ဆောင့်ကြောင့်ထိုင်ကာ ရှိသေစွာ ရှိခိုးလေ တော့၏။ ထိုခဏတွင်ပင် ကျားက မုဆိုးမ သားကို ခုန်အုပ်ပြီး တောတွင်းသို့ ကိုက်ချီသွားလေတော့သတည်း။

❑

"အဲဒါဟာ တစ်နေ့ကို ပုဆိုးသုံးကြိမ်လဲ၊
ပဏ္ဏမြားကြီး ခေါင်းပေါင်းပြီး
ခေါင်းတစ်ရာသားတွေ ချက်ချက်စားနေရလို့ကွ၊
ရွာတိုင်းရွာတိုင်းမှာ စပါးကျီ၊
ပဲကျီ၊ ဝါကျီတွေ သွားဆောက်ထားတော့
အနိုးအဝှက် အလေအလွင့်တွေနဲ့"

## ခုတ်တလွဲ ရှုတချား

တစ်ရံရောအခါက ရွာတစ်ရွာတွင် သူကြွယ်ကြီးတစ်ဦး ရှိခဲ့လေသည်။ သူကြွယ်ဆိုသူမှာ ဥစ္စာဓနကြွယ်ဝသူကို ခေါ်ပေသည်။ ဥစ္စာဓနဆိုရာမှာလည်း ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားတို့ကို ပိုင်ဆိုင်ခြင်းဟုသာ ဆိုလိုရင်းမဟုတ်။ လယ်မြေယာမြေ၊ ဥယျာဉ်မြေများနှင့် ကျွဲနွားများ၊ အခိုင်းအစေများပါ များစွာပိုင်ဆိုင်သူကိုသာ သူကြွယ်ဟုခေါ်ခြင်း ဖြစ်ပေ၏။

သူကြွယ်ကြီးတွင် ဇနီးမယား မရှိတော့ပေ။ ဇနီးမယားမရှိသော်လည်း သူသည် အိမ်ထောင်သစ် ထပ်မံမပြုတော့ပေ။ အိမ်ထောင်ပြုပါက သူ့သားနစ်ယောက်ကို မိထွေး နှိပ်စက်မည်စိုးရိမ်သဖြင့် ဖြစ်ပေသည်။

ဤအချက်ကို ထောက်ချင့်ခြင်းအားဖြင့် သူကြွယ်ကြီးသည် သူ့သားနှစ်ယောက်ကို အလွန်ချစ်ခင်ကြောင်း ထင်ရှားပေသည်။ သားနှစ်ယောက်၏အမည်မှာ မောင်ဉာဏနှင့် မောင်ကာဠ ဖြစ်ပေသည်။

သူကြွယ်ကြီးသည် သားနှစ်ယောက်အား မည်မျှပင် ချစ်ခင်တွယ်တာစေကာမူ အမြဲမခွဲဘဲ မနေနိုင်ပေ။ သူက စွန့်လျှင်စွန့်။ သူက မစွန့်လျှင် ကိုယ်က စွန့်ခွာရသည်မှာ မမွတာပင်ဖြစ်သည်။

ထိုသဘောတရားအရ သူကြွယ်ကြီးသည် နာမကျန်းဖြစ်ကာ ချစ်သောသားနှစ်ယောက်အား စွန့်ခွာထားခဲ့ကာ သေမင်းနောက်ကို ကောက်ကောက်ပါအောင် လိုက်ပါသွားလေ၏။

သူကြွယ်ကြီး သူ မနေရတော့ပြီဟု ရိပ်မိချိန်တွင် သားနှစ်ယောက်အား အိပ်ရာဘေးသို့ ခေါ်သည်။

"သားတို့ရေ အဖေတော့ ကြာကြာနေရတော့မယ် မထင်ဘူး"

ထိုစကားကို ကြားရသောအခါ ဝမ်းနည်းစွာ ငိုရှုံ့းကြသည်။

"အဖေ မသေရဘူး၊ နာမည်ကျော် ဆေးဆရာတွေနဲ့ ကုသနေတာပဲ"

"သေနေ့စေတဲ့လူကို နာမည်ကျော် ဆေးသမားလည်း မကုသနိုင်ဘူး သားတို့၊ ဒါကြောင့် အဖေ့စကားကို သေသေချာချာ မှတ်ထားကြ"

သူကြွယ်ကြီးသည် သားများ တစ်သက်ပန် မှတ်သားလိုက်နာကျင့်သုံးရမည့် အဆုံးအမစကားများဖြင့် ဆက်လက်မှာကြား၏။

"သားတို့ တစ်နေ့ကို ပုဆိုးသုံးခါလဲလှယ်ပါ၊ ထမင်းစားတဲ့

အခါ ပတ္တမြားကို ခေါင်းပေါ်မှာတင်ပြီး စားပါ၊ စားတဲ့အခါ ခေါင်းတစ်ရာသားကို စားပါ၊ တစ်ရွာကို တစ်ကျီဆောက်ပါ"

မောင်ဥာဏနှင့် မောင်ကာဠုတို့ ကောင်းစွာမှတ်သားထား ကြ၏။ သူကြွယ်ကြီးလည်း ရက်များမကြာမီ ကွယ်လွန်သွားရှာ လေ၏။ သူကြွယ်၏ သားညီနောင်တို့မှာ အိမ်ထောင်ကိုယ်စီ၊ သားသမီးကိုယ်စီ၊ စီးပွားကိုယ်စီ ရှိကြသည်။ အဖေ့လုပ်ခင်းဆောင် တာများကို ဆက်လက် ထိန်းသိမ်းမထားနိုင်။ ထို့ကြောင့် အညီ အမျှ ထက်ဝက်ပြုပြီး အမွေခွဲဝေယူကြလေ၏။

မောင်ဥာဏနှင့် မောင်ကာဠုတို့ ညီအစ်ကိုသည် တစ် ယောက်ကိုတစ်ယောက် ချစ်ခင်ကြသော်လည်း လူချင်းမဆုံဖြစ် ကြပေ။ လူ့ကိစ္စ လူ့တာဝန်တွေကလည်း များပြားလှသည်။ တာဝန်သိသိဖြင့် ထမ်းဆောင်သူမို့ အားလပ်သည်မရှိချေ။

သို့သော် ငါးနှစ်ခန့်အကြာတွင် ညီဖြစ်သူ မောင်ကာဠုမှာ အစ်ကိုဖြစ်သူ မောင်ဥာဏထံ မသွားဘဲ မနေနိုင်။ မသွားဘဲ မနေနိုင်ရခြင်းမှာ "မင့်နောင်တော် မောင်ဥာဏကတော့ အဓိတော် ကြလေး ကသိနေပြီဟေ့"ဟု ကြားရသောကြောင့်ဖြစ်၏။

သို့အတွက် မောင်ကာဠုသည် ငြိ့စီးအောင် လုပ်သင့်သည် များကို လုပ်သည်။ အိမ်သူဇနီးအား မှာသင့်သည်များ မှာကြား သည်။ မျက်နှာလွှဲရသော တပည့်ကြီးများနှင့် သင့်လျော်သော အမှုကိစ္စများအတွက် တပည့်များကို မှာကြားသည်။ ထို့နောက် လမ်းခရီးတွင် ချက်ပြုတ်စားသောက်ရန် ပြင်ဆင်သည်။ အစ်ကို

ကြီးနှင့် မရှိ၊ တူ တူမများအားပေးရန် လက်ဆောင်များ စီစဉ်သည်။

အားလုံး စုံစေ့သောအခါ မောင်ကာဠုသည် အစ်ကို မောင်ဉာဏ နေထိုင်သော‌ရွာသို့ တပည့်လက်သား စုံလင်စွာဖြင့် ထွက်ခွာလာခဲ့၏။ လမ်းခရီးတွင် နှစ်ညအိပ်ခဲ့ပြီးနောက် မောင်ကာဠုသည် အစ်ကို၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ချောချောမောမော ရောက်ရှိသွားလေ၏။

ရောက်လျှင်ရောက်ချင်း မောင်ကာဠု အကဲခတ်ကြည့်၏။ သူကြားသည့်သတင်း မှန်ချေပြီ။ အစ်ကို မောင်ဉာဏ အိမ်တွင် ကျွဲ နွား အနည်းငယ်သာရှိသည်။ တပည့်တပန်းများလည်း များများစားစား မရှိ။

ထမင်းစားသောက်ပြီးနောက် ညီအစ်ကိုနှစ်ယောက်တည်း ရှိနေချိန်တွင် မောင်ကာဠုက စတင်ပြီး မေး၏။

"အစ်ကို လယ်ယာချောင်းမြောင်း စပါးသီးနှံ ကောက်ပင် ကောက်သား ကောင်းရဲ့လား"

"ရာသီဥတုကလည်း မှန်ကန်၊ ပိုးမွှား အဖျက်အဆီးကလည်း နည်းပါးတဲ့အတွက် လုပ်ရကိုင်ရတာ မဆိုးပါဘူး"

"ဒါနဲ့များ အစ်ကိုရယ်၊ အစ်ကို့အိမ်ကိုကြည့်ရတာ ဆင်းရဲနွမ်းပါးတဲ့ အိမ်တစ်အိမ်နဲ့ တူနေပါကလား"

"အဲဒါဟာ တစ်နေ့ကို ပုဆိုးသုံးကြိမ်လဲ၊ ပဏ္ဍုမြားကြီး ခေါင်းပေါ်တင်ပြီး ခေါင်းတစ်ရာသားတွေ ချက်ချက်စားနေရလို့

ကွ၊ ရွာတိုင်းရွာတိုင်းမှာ စပါးကျီ၊ ပဲကျီ၊ ဝါကျီတွေ သွားဆောက်ထားတော့ အနိုးအဝှက် အလေအလွင့်တွေနဲ့"

မောင်ကာဠ သည် မောင်ဉာဏ ၏စကားမဆုံးမီပင် ဟက်ဟက်ပက်ပက် ရယ်မောလေ၏။

"အဖေ့စကားကို ပြက်ရယ်မပြုနဲ့လေ ညီလေး"

"အဖေ့စကားကို ပြက်ရယ်ပြုတာ မဟုတ်ပါဘူး၊ အစ်ကို့လုပ်ပုံက ရယ်စရာဖြစ်နေလို့ ရယ်မိတာဗျ"

"ရယ်စရာ ဟုတ်လား၊ ဘာတွေက ရယ်စရာဖြစ်နေလို့လဲကွ"

မောင်ကာဠ သည် ထိုသို့ စကားခံပြီးနောက် ရှင်းလင်းပြ၏။

"တစ်နေ့ကို ပုဆိုးသုံးကြိမ် လဲရမယ်ဆိုတာက အနီဝတ်ထားရာက အစိမ်းကိုလဲဝတ်၊ အဲဒီနောက် အပြာကို ထပ်ပြီးလဲဝတ်ရမယ် ပြောတာမဟုတ်ဘူး၊ ပုဆိုးကို မလျှော်ဘဲထားရင် ချေးမြန်မြန်စုတ်မှာစိုးလို့ တစ်နေ့သုံးခါ နေရာလှည့်ဝတ်ရမယ်ပြောတာ အစ်ကိုရ"

"မသိပါဘူးကွာ၊ ငါ့မှာ တစ်ထည်ပြီးတစ်ထည် လဲနေရတာနဲ့ အချိန်ကုန်ရော"

"ပတ္တမြားခေါင်းပေါ်တင်ဆိုတာ ပတ္တမြားအစစ်ကို ပြောတာ မဟုတ်ဘူး၊ ခေါင်းပေါ်ကို နေလုံးရောက်လာတဲ့ မွန်းတည့်ချိန်ကျမှ ထမင်းစားရင် ဘာနဲ့ပဲစားစား စားလို့ဝင်တယ်လေ"

"ဪ... ဒီလိုလား"

"ခေါင်းတစ်ရာသားဆိုတာကလည်း ဈေးပေါတဲ့ ငါးမှုန် ငါးမွှားတွေကို ဝယ်ပြီးချက်စားဖို့ ပြောတာပါ အစ်ကိုရာ"

"အင်း ငါ့မှာတော့ ခေါင်းတစ်ရာပြည့်အောင် ဆိတ်ခေါင်း၊ ဝက်ခေါင်း၊ နွားခေါင်း၊ ကြက်ခေါင်း၊ မြင်းခေါင်း၊ သမင်ခေါင်း တွေ တစ်ရာပြည့်အောင် နေ့တိုင်း ဝယ်ချက်နေရတာ၊ ဒါနဲ့ပဲ စီးပွားဥစ္စာကို ထိခိုက်တော့တာပဲကွာ"


"တစ်ရွာတစ်ကျိုဆောက်ဆိုတာလည်း စပါးစည့် ပဲစည့် တွေ ဆောက်ရမယ်ပြောတာ မဟုတ်ဘူးဗျ၊ လိုတဲ့အခါမှာ ဖွင့်ပြီး ယူငင်သုံးစွဲလို့ရတဲ့ ကျိုနဲ့တူတဲ့ မိတ်ကောင်းဆွေကောင်း တစ်ရွာ မှာတစ်ယောက် ထားရမယ်လို့ မှာသွားတာပါ အစ်ကိုရာ"

မောင်ဉာဏသည် အားပါးတရ ရယ်မော၏။

"ငါ့နယ်နော် အတွေးခေါင်လိုက်တာ၊ ညီလေးပြောမှ သဘောပေါက်တော့တယ်"

ညီဖြစ်သူ မောင်ကာဠ ပြန်သွားပြီးနောက် မောင်ဉာဏ သည် မောင်ကာဠ ရှင်းပြသည့်အတိုင်း လိုက်နာဆောင်ရွက်ရာ နှစ်အနည်းငယ်အတွင်း၌ ချမ်းသာကြွယ်ဝသော သူကြွယ်ကလေး ဖြစ်လာလေ၏။

❑



အလွန်မှန်သော ဦးတမှန်

ဦးဘမှန်လည်း ထမင်းပန်းကန်ကို ငုံ့ကြည့်ပြီး

တိုက်ပုံအင်္ကျီ ကို ချွတ်၏။

ပိုးပဝါခေါင်းပေါင်းကို ချွတ်၏။

ထို့နောက် ထမင်းပန်းကန်ထဲသို့ ထိုးထည့်၏။

“စားကြ စားကြ၊ ဘမှန်ကို ကျွေးတာမဟုတ်ဘူး၊

နင်တို့ ကို ကျွေးတာ”

## အလွန်မှန်သော ဦးဘမှန်

တစ်ခါတုန်းက ရွာတစ်ရွာတွင် ဦးဘမှန် အမည်ရှိသည့် လူကြီးတစ်ယောက် ရှိခဲ့လေသည်။ အသက်အားဖြင့် ၆၀ ဝိုင်းသို့ ရောက်နေသော ဦးဘမှန် အား အဘမှန် ဟု ခေါ်ကြသော်လည်း ရွာသူရွာသားများ၏ စိတ်ထဲတွင်ကား လူ့ခွစာကြီးဟုသာ ထင်မှတ်နေကြသည်။

ဦးဘမှန် ကလည်း "အဘ နေ ဘယ်ရောက်နေပြီတုန်း" မေးလာသူရှိလျှင် "နေလား မိုးပေါ်မှာလေ"ဟု ဖြေလေ့ရှိ၏။

ရပ်ရေလေ့ ရွာရေလေ့အားဖြင့် "နေ ဘယ်ရောက်နေပြီလဲ" မေးသည့်အခါ "နေထွက်တပြူ၊ နေထန်းတဖျား" ဖြေသောကြောင့် ထိုသို့မေးခြင်း ဖြစ်ပေသည်။

ရပ်ရွာထုံးစံအရ ထမင်းစားခိုက်တွင် ရောက်လာသည့် ဧည့်သည်အား "ထမင်းစားပါဦး၊ သုံးဆောင်ပါဦး" ပြောလေ့ရှိကြသည်။ အခေါ်ခံရသူကလည်း "စားပါ၊ သုံးဆောင်ပါ"ဟုသာ

ပြောလေ့ရှိကြသည်။

ဦးဘမှန် ကား ဤသို့မဟုတ်။

"အဘမှန် ထမင်းစားသွားပါဦးလား၊ သုံးဆောင်ပါဦး"

"အေး ကောင်းသားပဲ"

ပြောပြောဆိုဆို ထမင်းပွဲတွင် ဝင်ထိုင်ပါတော့သည်။ သူ့အိမ်သူအိမ်သား အရေအတွက်ကိုကြည့်ပြီး ချက်ထားသော ထမင်း၊ လောကဝတ်သဘောရ ခေါ်ခြင်းဖြစ်၏။ အဘမှန် က တကယ်ဝင်စားသောအခါ ကသိကအောက် ဖြစ်ကုန်တော့သည်။ သို့အတွက် အကြောင်းသိများမှာ "အဘမှန် သုံးဆောင်ပါဦးလား" မခေါ်ရဲကြတော့ချေ။

တစ်ခါသော် အနီးအနားရှိ ရွာတစ်ရွာမှ သားရှင်ပြုအလှူသို့ ကြွပါရန် ဦးဘမှန် အား ဖိတ်ကြား၏။ ဦးဘမှန် လည်း ရွာနီးနားချင်းဖြစ်သောကြောင့် အထူးပြင်ဆင်မနေဘဲ ခါးဝတ်ခါးစားဖြင့် သွား၏။

အလှူတွင် ထမင်းကျွေးသည်။

ထမင်းရုံထဲသို့ ဝင်သွားသော လူအုပ်ကြီး၊ ထမင်းရုံထဲမှ ထွက်လာသော လူအုပ်ကြီးများဖြင့် စည်ကားလှသည်။ ထမင်းစားကြွပါ ခေါ်ငင်သံများလည်း ညံနေသည်။ ဦးဘမှန် အား ထမင်းစားခေါ်ရန်ဝေးစွ၊ နေရာထိုင်ခင်းပေးသူပင် မရှိချေ။

အလှူသို့ ကြွရောက်ပါရန် ဖိတ်ကြားသောကြောင့် ရောက်လာသူအား မည်သို့သူ့အတွက် ကြိုဆိုဧည့်ခံသူ မရှိရသနည်း။

ဤသို့လည်း မဟုတ်ပါ။

"အဘ ကြွပါခင်ဗျာ"

"အဒေါ် ကြွပါရှင့်"

"ချင်းသုပ်ကလေး သုံးဆောင်ပါဦး"

"ရေနွေးသောက်ပါဦး"

လုလင်ပျို၊ လုံမပျိုတို့သည် နှုတ်သွက်လျှာသွက်ဖြင့် ကြို ဆိုကြပါသည်။ နေရာထိုင်ခင်း ပေးကြသည်။ ညှော်ဝတ်ပြုကြပါ သည်။

သို့အတွက် ဦးဘမှန် လည်း ကြိုဆိုမှုခံရသူများအား စေ့ စေ့ကြည့်သည်။ ညှော်ခံကြိုဆိုမှု ကောင်းစွာခံယူရသူများမှာ ဝတ် ကောင်းစားလှတွေဖြင့် ဖြစ်သည်။ အမျိုးသမီးကြီး အမျိုးသမီး ငယ်များမှာလည်း ရွှေဆွဲကြိုး၊ ရွှေလက်ကောက်၊ ရွှေဘီးတို့ဖြင့် ဖြစ်သည်။

ဦးဘမှန် သည် သူ့ကိုယ်ကို ငုံ့ကြည့်၏။

ချေးလက်လေးသစ်တက်နေသော အင်္ကျီ၊ အကွက်မပေါ် သော ပုဆိုး။

ဦးဘမှန် ပြုံးပြီး ထပြန်လာသည်။ အိမ်သို့ရောက်လျှင် ရောက်ချင်း ရေချိုးသည်။ တစ်ကြိမ်နှစ်ကြိမ်မျှသာ ဝတ်ရသော ပုဆိုးအင်္ကျီတွေကို ထုတ်ဝတ်သည်။ တိုက်ပုံအင်္ကျီဝတ်ပြီး ပိုးပဝါ ကို ပေါင်းသည်။ ထို့နောက် ကတ္တီပါသားရေဖိနပ်ကိုစီးပြီး စော စောက သူပြန်လာသော အလှူသို့လာခဲ့သည်။

အလှူမဏ္ဍာပ်ရှေ့တွင် ဦးဘမှန် ရပ်မိရုံရှိသေးသည်။

"အဘ ကြွပါရှင်၊ ကြွပါ"

မဏ္ဍာပ်ထဲမှ ကာလသားတွေ၊ ကာလသမီးတွေ အပြေးအလွှား ထွက်လာကြသည်။

"ဖိနပ်ကို ကျွန်တော် သိမ်းပေးပါရစေ အဘ"

ဦးဘမှန် ပြုံးသည်။ သဘောကျသောကြောင့် ပြုံးခြင်းမဟုတ်ပါ။

"အဘ လက်ဖက်သုံးဆောင်ပါဦးရှင့်"

"အဘ ခဏတဖြုတ် အမောအပန်းဖြေပါဦး၊ ထမင်းရုံထဲမှာ လူရှုပ်နေသေးလို့ပါ၊ သိပ်မကြာပါဘူး"

ပျူငှာကြပုံများမှာ နှစ်သက်စရာဖြစ်ပါလျက် ဦးဘမှန် မနှစ်သက်ပါ။ လက်ဖက်ရည်ကြမ်းနှင့် ချင်းသုပ်ကို မြည်းနေစဉ်တွင် မိန်းကလေးတစ်ယောက် အပါးသို့ရောက်လာကာ ဒူးထောက်ပြီး ပြော၏။

"အဘ ထမင်းသုံးဆောင်ဖို့ ထမင်းရုံထဲကိုကြွပါရှင်"

ဦးဘမှန်သည် ခက်ထန်သော အပြုံးတစ်ချက် ပြုံးလိုက်ရင်း ထမင်းရုံထဲသို့ လိုက်ပါသည်။ သီးသန့်နေရာတွင် သပ်ရပ်သန့်ရှင်းစွာ ပြင်ဆင်ထားသော ထမင်းပွဲဘေးသို့ ရောက်လာသည်။ လက်ဆေးရေ ယူလာသူ၊ ထမင်းထည့်ပေးမည့်သူတို့ ပျာယာခတ်နေကြ၏။

ထမင်းပွဲကား ခမ်းနားလှပါ၏။ ဝက်သားဆီပြန်၊ ကြက်

သားဆီပြန်၊ ငရုတ်သီးတောင့်လုံးကြော်၊ သရက်သီးသုပ်၊ ပဲဟင်းချို။

ဦးဘမှန် လည်း ထမင်းပန်းကန်ကို ငုံ့ကြည့်ပြီး တိုက်ပုံအင်္ကျီကို ချွတ်၏။ ပိုးပဝါခေါင်းပေါင်းကို ချွတ်၏။ ထို့နောက် ထမင်းပန်းကန်ထဲသို့ ထိုးထည့်၏။

"စားကြ စားကြ၊ ဘမှန်ကို ကျွေးတာမဟုတ်ဘူး၊ နင်တို့ကို ကျွေးတာ"

ထမင်းရုံထဲ၌ ပြေးလွှားနေကြသူများ အံ့အားသင့်နေကြစဉ် ဦးဘမှန် သည် ထမင်းလုံးတွေ ကပ်ငြိနေသော ခေါင်းပေါင်းပဝါနှင့် တိုက်ပုံအင်္ကျီကို ဖရိုဖရဲ ဆွဲယူလျက် ထမင်းရုံထဲမှ ထွက်လာခဲ့လေ၏။

❑

"အဖိုးတန်မယ်ထင်လို့

ယူလာတာ အမေရဲ့"

"အဖိုးတန်ပြီလား သားရယ်၊

အဲဒါကို ရွှေလို့ခေါ်တယ်ကွယ့်"

"သေတ္တာတွေ၊ အိတ်တွေနဲ့

ထည့်ထားတာ အများကြီးပဲ"

## သူဌေးကြီး လေက်သန်း

ရှေးလွန်လေပြီးသောအခါက မုဆိုးတစ်ယောက်တွင် သား တစ်ယောက်ရှိ၏။ နာမည်ကို "လေက်သန်း"ဟု ခေါ်၏။ လေက် သန်းဟု ခေါ်တွင်ရခြင်းမှာ သူ၏ကိုယ်ခန္ဓာမှာ လက်သန်းတစ် ချောင်းအရွယ်မျှသာ ရှိသောကြောင့်ဖြစ်သည်။

မုဆိုးမသည် လူစဉ်မမီသော ထိုသားကလေးအား အလွန် ချစ်သည်။ ချစ်သောကြောင့် ထင်းခွေရေခတ်သော်မျှ မခိုင်းစေပေ။ လုပ်စရာရှိသည်များကို တစ်ယောက်တည်းသာ လုပ်ကိုင်သည်။

လေက်သန်းသည် အိပ်ကာ စားကာ ဆော့ကစားကာဖြင့် ကြီးပြင်းလာသည်။ ထိုအခါ အသိဝင်လာသည်။ အသိဝင်လာခြင်း မှာ သူ့အမေတစ်ယောက်တည်း ပင်ပန်းစွာ အလုပ်လုပ်နေသည် ကို မြင်ရသောကြောင့်ဖြစ်သည်။

"ငါ့အမေကို ငါတစ်ဖက်တစ်လမ်းက ကူညီပေးရင် ငါ့ အမေ သက်သာမှာပဲ၊ ဒါကြောင့် ငါတစ်ခုလုပ်မှဖြစ်မယ်"

လေက်သန်းသည် အလုပ်လုပ်လိုသောကြောင့် သူဌေးတစ်ဦး၏အိမ်သို့ လာခဲ့သည်။ သူဌေးကို အိမ်ရှေ့၌ အခန့်သင့်တွေ့သောကြောင့် အော်ပြောသည်။

"သူဌေးကြီးခင်ဗျား အိမ်မှုကိစ္စတွေ ဆောင်ရွက်စရာရှိရင် ဆောင်ရွက်ပေးပါရစေ၊ ကျွန်တော့်ကို ခိုင်းပါခင်ဗျား"

သူဌေးကြီးသည် အသံသဲ့သဲ့ကိုကား ကြားရ၏။ လူကိုယ်ကား သေးငယ်လွန်းသောကြောင့် မမြင်ရပေ။

"သူဌေးကြီးခင်ဗျား ကျွန်တော် လေက်သန်းပါ"

သူဌေးကြီး နားလည်လိုက်ပါပြီ၊ လွန်ခဲ့သော ဆယ်နှစ်ခန့်က ရွာလယ်ပိုင်းရှိ မိန်းမတစ်ယောက်တွင် လက်သန်းအရွယ်ရှိ ကလေးတစ်ယောက် ဖွားမြင်ကြောင်း၊ နို့ဘယ်လောက်တိုက်တိုက်၊ အစာတွေ မည်မျှပင်ကျွေးကျွေး လက်သန်းအရွယ်မှ မတက်ကြောင်း ကြားဖူးသည်။ ယခု သူ့ရှေ့မှကြားရသော အသံရှင်သည် ထိုကလေးပင် ဖြစ်ရမည်။

သူဌေး သေသေချာချာ ကြည့်သောအခါ ဖိနပ်တစ်ရံပေါ်သို့ တက်ရပ်နေသော လေက်သန်းကို မြင်ရသဖြင့် ကောက်ယူပြီး ခုတင်တိုင်ထိပ်ပေါ်တွင် တင်ထားပြီး စကားပြော၏။

"မင်းကို ရေခပ်ခိုင်းရင် ရေအိုးက မင်းထက်ကြီးနေတယ်၊ မင်း ဘယ်လိုလုပ်ပြီး ရေခပ်မှာလဲ"

"တခြားအလုပ် မရှိဘူးလား ခင်ဗျာ"

"ဒါဖြင့် နွားကျောင်းခိုင်းမယ်ကွာ၊ မင်းအသံကို ငါတောင်

မနည်းနားထောင်ရတာ မင်းဝေါက်တာကို နွားတွေက ဘယ်လို လုပ်ပြီး ကြားမှာတုန်း”

လေက်သန်းမှာ အလုပ်လိုချင်သူ ဖြစ်သည့်အတွက် အလုပ် ရရာရကြောင်းကို ကြံဖန်ပြီး ပြောဆိုသည်။

“သူဌေးကြီးအိမ်မှာ စပါးတွေ၊ ပဲတွေ နေထုတ်ပြတဲ့အခါ မှာ ခိုတွေ၊ စာတွေ လာပါလိမ့်မယ်၊ ကျွန်တော်က စပါးတွေ၊ ပဲတွေကြားမှာ နေပြီး စောင့်နေရင် သူတို့ မြင်မှာမဟုတ်ပါဘူး၊ ဒါကြောင့် ကျွန်တော်က သူတို့ကို လေးနဲ့ပစ်တဲ့အခါ သူဌေးကြီး အိမ်မှာ ခိုသား စာသား နေ့စဉ်မစားရပေဘူးလား”

“တယ်ကောင်းတဲ့ အကြံပါကလား၊ ဟုတ်တယ်ဟေ့၊ မင်း အိမ်ပြန်ပြီး လေးနဲ့မြားယူချေ။ ငါလည်း စပါးလှမ်းစရာ ရှိတာနဲ့ အတော်ပဲ”

လေက်သန်း လည်း ဝမ်းသာအားရဖြင့် အိမ်သို့ပြန်ခဲ့သည်။ လေးနှင့်မြားယူပြီး သူဌေးအိမ်သို့ ပြန်သွားသည်။ သို့ရာတွင် လေက်သန်းသည် လေးနှင့်မြားကိုယူပြီး သူဌေးအိမ်သို့အလာတွင် နွားခြေရာကွက်တစ်ခုကို တွေ့သည်။ လေက်သန်းအတွက် ပျော် စရာ နေရာကလေးဖြစ်သဖြင့် လေက်သန်းသည် နွားခြေရာကွက် ထဲ၌ ထိုင်လျက် ပလွေမှုတ်နေသည်။

မကြာမီ ဆင်တစ်စီးရောက်လာသည်။

ဆင်ဦးစီးသည် လေက်သန်း၏ပလွေသံကို ကြားသော် လည်း လူကိုမမြင်ရသဖြင့် ရမ်းပြီး အော်သည်။

"ဟော့ ပလွေသမား၊ ဆင်လာနေတယ်ကွ အေးဖယ်"

လေက်သန်းသည် ပလွေကို ခါး၌ထိုးထားပြီး လေးနှင့်မြား ကို ကိုင်လျက် နွားခြေရာကွက်ထဲ၌ ပုနေသည်။ နွားခြေရာကွက် ပေါ်သို့ ဆင်ကြီးရောက်လာပြီ။ လေက်သန်းသည် ပြေးထွက်ပြီး ဆင်နှာမောင်းကို ခုန်ဆွဲသည်။ ပြီးလျှင် ဆင်နှာမောင်း အရေခွံ အတွန့်အလိပ်ကြား၌ ခိုကပ်လျက် လိုက်ပါလာလေ၏။

ဆင်ဦးစီးသည် ဆင်ကို ရေချရန် လာခြင်းဖြစ်၏။ ဆင်ကို ရေချသည်ဆိုသည်မှာ ရေချိုးပေးခြင်းဖြစ်၏။

မကြာမီ စမ်းချောင်းတစ်ခုသို့ ရောက်လာ၏။

ဆင်ဦးစီးသည် ဆင်ကို ရေချိုးပေး၏။ ဆင်ကလည်း မြူးထူးပြီး ရေကို နှာမောင်းဖြင့်စုတ်ယူကာ မှုတ်ထုတ်လိုက်သည်။ နှာမောင်းအရေခွံ အတွန့်အလိပ်ကြားတွင် ခိုကပ်နေသော လေက် သန်းမှာ ရေထဲသို့ လိမ့်ကျသည်။ လေက်သန်း ဆင်နင်းမခံရစေရန် ရှောင်ရှားရ၊ ရေမနစ်စေရန် ကူးခတ်ရသဖြင့် အံလုပ်များနေစဉ် ငါးတစ်ကောင်က အစာမှတ်ပြီး မျိုချလိုက်လေ၏။

လေက်သန်းသည် ငါး၏အာခေါင်ထဲသို့ ရောက်လျှင် ရောက်ချင်း မှောင်မည်းသွားသဖြင့် ခြေဖြင့် ကန်ကျောက်သည်။ သူ့ဒေါ်းဝဲယာကို မြားဖြင့်ထိုးသည်။ ငါးမှာ လေက်သန်းကြောင့် နာကျင်စွာ ပြေးလွှားနေစဉ် တံငါသည်၏ ပိုက်ကွန်ထဲသို့ ရောက် သွားသည်။

ငါးမှာ မကြာမီ သေသွားသော်လည်း ငါး၏အာခေါင်ထဲ

တွင် ကပ်ခိုနေသော လေက်သန်းကား မသေပေ။ ငါး၏အခေါင်ကို ခြေဖြင့်ကန် မြားဖြင့်ထိုးနေစဉ်မှာပင် ငါးမှာ တံငါ၏လက်ထဲမှ ဝယ်သူ၏လက်ထဲသို့ ရောက်သွားတော့၏။

အခေါင်ထဲ၌ လေက်သန်းပါသော ငါးကို ဝယ်ယူသူမှာ လေက်သန်းအား စပါး၊ ပဲ အစောင့်ခိုင်းရန် သဘောတူထားသော သူဌေးကြီးဖြစ်သည်။ သူဌေးဇနီးသည် ငါးခေါင်းကို မစားပေ။ ငါးခေါင်းကို ခွေးကျွေးသည်။

သူဌေး၏ခွေးသည် ငါးခေါင်းကို ဝမ်းသာအားရ ဖုံရွှဲ စားသောက်ရာ လေက်သန်းအတွက် ထွက်ပေါက်ရသွားသည်။

"လွှတ်ပြီကွ၊ လွှတ်ပြီ"

လေက်သန်းသည် ဝမ်းသာအားရ အော်သည်။ မည်သည့်နေရာသို့ ရောက်နေသနည်းဟု စူးစမ်းသည်။ သို့ရာတွင် ငါးခေါင်း၏ အစအနတစ်ခုကို ခွေးက ဟပ်လိုက်ရာ လေက်သန်းပါ ရောနှောပြီး ပါသွားလေ၏။

လေက်သန်း ရုန်းကန်သည်။ ဘယ်ညာရှေ့နောက်ကို လေးကိုင်းဖြင့် ရိုက်သည်။ သို့ရာတွင် လေက်သန်းမှာ ခွေး၏အူထဲသို့ ရောက်သွားတော့သည်။ ခွေးမှာလည်း သူ၏အူထဲသို့ လေက်သန်း ရောက်သွားကတည်းက အော်ဟစ်ပြေးလွှားနေတော့သည်။

"ခွေး ဘာဖြစ်တာလဲ၊ အရိုးစူးသလား ကြည့်ကြပါဦး"

သူဌေးဇနီးက စိုးရိမ်စွာပြောသဖြင့် ခွေးကိုဖမ်းပြီး လည်

ချောင်းကို စစ်ဆေးကြည့်သည်။

"အရိုးမစူးပါဘူး သခင်မရဲ့"

သို့သော် ခွေးမှာ လူတွေ၏လက်ထဲမှာပင် တွန့်လိန်အော်ဟစ်နေ၏။

"ဝမ်းကျဆေး တိုက်ကြစမ်း၊ ဗိုက်ထဲမှာ တစ်ခုခုဖြစ်သလားမသိဘူး"

သို့ဖြင့် သူဌေး၏လူများသည် သျှိသျှားရွက်ကို ထောင်းပြီး ခွေးကို တိုက်ကျွေးကြသည်။ ဝမ်းကျဆေးသည် အူထဲမှတစ်ခါင့် အစာအိမ်ထဲသို့ ရောက်လာရာ လေက်သန်း ပိုပြီး ဒေါသဖြစ်ကာ အစာအိမ်နံရံကို ခြေဖြင့်ကန်သည်။ လက်သီးဖြင့် ထိုးသည်။

ခွေးမှာ လေက်သန်း နှိပ်စက်သောကြောင့် ဆောက်တည်ရာမရ လျှောက်ပြေးရာ တောနက်ကြီးထဲသို့ ရောက်ကာ ဂူတွင်းလုံးထဲသို့ ဝင်ရောက်သွားတော့မှသာ အပြေးရပ်သည်။ သျှိသျှားရွက်ကလည်း အစွမ်းပြပြီး လေက်သန်းလည်း မကောင်းသောအရည်များနှင့်အတူ တလိမ့်ခေါက်ကွေးဖြစ်လျက် အပြင်သို့ရောက်လာ၏။

ဝမ်းထဲတွင် လေက်သန်း မရှိတော့သောကြောင့် နေကောင်းထိုင်သာဖြစ်သွားကာ ခွေးသည် ဝမ်းသာအားရဖြင့် ဂူထဲမှ ပြေးထွက်သွား၏။ လေက်သန်းသည် ဂူအတွင်းတစ်နေရာရှိ နွားခြေရာခွက်သာသာ ရေအိုင်ကလေးထဲ၌ ရေချိုးသန့်စင်သည်။ ထို့နောက် အလင်းရောင် မြင်ရရာသို့ လျှောက်လာစဉ် ဂူနံရတွင်

ကပ်လျက် ဆွေးမြည့်နေသော သေတ္တာများ အဝတ်အိတ်များကို တွေ့သည်။

"ဘာတွေပါလိမ့်"

လေက်သန်းသည် လေးကိုင်းဖြင့် ထောက်ပြီး အိတ်တစ်လုံး ပေါ်သို့ တက်၏။ အလွန်ဆွေးမြည့်နေသဖြင့် လေက်သန်း၏ တစ်ကိုယ်စာပင် မခံနိုင်။ လေက်သန်းမှာ အိတ်ထဲသို့ ကျွံကျသွား လေ၏။

စင်စစ်သော်ကား ရွှေသေတ္တာများနှင့် ရွှေအိတ်များသာ ဖြစ်သည်။ လေက်သန်းမှာ ရွှေကို မမြင်ဖူးသော်လည်း စဉ်းစား ဉာဏ်ရှိသည်။

"ဒါတွေဟာ အဖိုးမတန်ဘဲနဲ့တော့ သေတ္တာထဲ အိတ်ထဲ မှာ ဘယ်သူမှ အပင်ပန်းခံပြီး ထည့်ထားမှာ မဟုတ်ဘူး"

ထိုသို့ တွေးမိသောအခါ လေက်သန်းသည် အိတ်ထဲမှာ ရွှေတုံးတွေကို ဂူဝသို့ လိမ့်ယူသည်။ လိမ့်၍မရသော ရွှေတုံးများ ကို ကုတ်ဖြင့် ကော်ပြီးရွှေ့သည်။ ဆက်လက်ပြီး မရွှေ့နိုင်အောင် မောပန်းနေသောအခါ လေက်သန့်သည် လက်သည်းခွံအပုံအရွယ် ရှိသည့် ရွှေစတစ်စကို ချန်ထားပြီး အားလုံးကို တွင်းတစ်တွင်းထဲသို့ ထည့်ကာ မြေဖို့ပစ်ခဲ့လေသည်။

လေက်သန်း၏မိခင်မှာ သားကလေး ပျောက်သွားသော ကြောင့် အိမ်တွင်းအနှံ့ လိုက်လံရှာဖွေသည်။ အိမ်တွင်း၌ နှံ့စပ် အောင် ရှာအပြီးတွင် အိမ်ဘေးရှိ သစ်ရွက်ခြောက်များအောက်၌

ရှာဖွေသည်။ ထို့နောက် မြက်ဖုတ်များ၊ ချုံများတွင် သူ့သား ကလေး လေက်သန်းကို ရှာဖွေပြန်သည်။

အမေသည် အရပ်ထဲသို့ လှည့်လည်မေးမြန်းရန် မဝံ့ရဲပေ။ ဤမျှ သေးငယ်သော ကလေးငယ်ကို မည်သူသည် ဂရုတစိုက် ကြည့်နေပါမည်နည်း။ သွားရောက်စုံစမ်းသောအားဖြင့် "ကျွန်မ သားလေး လေက်သန်းများ မမြင်မိကြဘူးလား" မေးလျှင် ဝိုင်းဝန်း ရယ်မောကြပေလိမ့်မည်။

သို့ကြောင့် အမေသည် ငိုကြွေးလျက် ထိုင်နေ၏။

"အမေရေ၊ အမေ"

အမေသည် မျက်ရည်သုတ်လျက် အသံလာရာသို့ လှမ်းကြည့်၏။ ရွှေစတစ်စကို ထမ်းလာသော သားကလေး လေက်သန်းကို မြင်ရ၏။

"သားရယ် အမေ့မှာ သားပျောက်သွားလို့ ရှာလိုက်ရတာ ကွယ်"

အမေသည် လေက်သန်းကို ကောက်ယူပြီး လက်ဝါးပေါ်တွင်ထား၏။ ထိုအခါတွင် လေက်သန်းက သူထမ်းလာသော ရွှေစကိုပြ၏။

"အဖိုးတန်မယ်ထင်လို့ ယူလာတာ အမေရဲ့"

"အဖိုးတန်ပြီလား သားရယ်၊ အဲဒါကို ရွှေလို့ခေါ်တယ် ကွယ်"

"သေတ္တာတွေ၊ အိတ်တွေနဲ့ ထည့်ထားတာ အများကြီးပဲ"

ထို့နောက် အမေသည် လေကီသန်းကို တောင်းတစ်တောင်းထဲတွင် ထည့်ပြီး တောထဲသို့ ထွက်လာခဲ့လေ၏။ လေကီသန်းညွှန်ပြသောဂူထဲမှ ရွှေတုံးများကို တောင်းထဲသို့ထည့်ပြီး အပေါ်မှ သစ်ရွက်ဖုံးလျက် အိမ်သို့ပြန်လာလေ၏။

အမေသည် တစ်နေ့လျှင် တစ်ခေါက်သာ ရွာမှထွက်ပြီး ရွှေတုံးများကို သယ်ယူသဖြင့် မည်သူမျှ မရိပ်မိပေ။ ရွှေတုံးများကို ရက်ပေါင်းများစွာ သယ်ယူပြီးနောက် အမေသည် အိမ်သစ်ကြီးတစ်လုံးကို ဆောက်သည်။ အိမ်သစ်သို့ ဝမ်းသာအားရ ရောက်လာသော မိတ်သင်္ဂဟများ ဆွေမျိုးများကို ရွှေတုံးတစ်တုံးစီ လက်ဆောင်ပေးရာ အံ့ဩဝမ်းသာစွာ ဖြစ်နေကြလေ၏။

သို့ရာတွင် ရွှေတွေ ငွေရွှေ ကျွဲတွေ နွားတွေ လယ်မြေယာမြေတွေ အမြောက်အမြား ပိုင်ဆိုင်သော်လည်း လေကီသန်းကား လေကီသန်းအရွယ်မှ တက်မလာပါချေ။

❑

"ငါ့သမီးကို ဘုန်းတန်ခိုးရှိသူနဲ့မှ ပေးစားမယ်၊
ဘုန်းတန်ခိုးရှင်ဟာ ဘယ်သူလဲ၊
မိုးနတ်သားပဲ၊ မိုးတွေ တအားရွာရင်
ငါတို့ တွင်းထဲ ရေတွေဝင်ပြီး
အတိဒုက္ခရောက်ကြရတယ်၊
ဒါကြောင့် သူနဲ့ ခမည်းခမက်တော်ရရင်
ကောင်းမှာပဲ"

## နောက်ဆုံးတော့ နောက်ဆုံးပါပဲ

တစ်ရံရောအခါက လယ်တောကြီးတစ်ခုတွင် ကြွက်မိသားစုတစ်စုသည် ချုံများကြား၌ တွင်းတူးပြီး နေထိုင်ကြ၏။ ထိုကြွက်မိသားစုတွင် အကြောင်းမဲ့ စိတ်ကြီးဝင်သော ကြွက်မတစ်ကောင်ရှိ၏။ ထိုကြွက်မသည် အိမ်ထောင်ကျပြီး မကြာမီ ကြွက်ကလေးတစ်ကောင်ကို မွေးဖွားလေ၏။

လယ်ကြွက်များ၏ ထုံးစံအတိုင်း နှစ်ကောင်မှ လေးကောင်အထိ မွေးဖွားရိုးထုံးစံဖြစ်သည်။ ယခု လယ်ကြွက်မမှ ထူးဆန်းစွာ တစ်ကောင်တည်း မွေးသဖြင့် ချုံနီးချင်း ကြွက်များက လယ်ကြွက်မအား ကဲ့ရဲ့ကြသည်။

လယ်ကြွက်မသည် ကဲ့ရဲ့သံများကို မကြားယောင်ပြုလျက် သူ၏ကလေးကို သေသေချာချာကြည့်၏။ သမီးကလေးဖြစ်နေ၏။ လယ်ကြွက်မမှာ အလွန်ဝမ်းသာသွား၏။ ကြည့်ရင်း ကြည့်ရင်း တိုး၍တိုး၍ အချစ်ပိုလာ၏။

"သမီးကလေး၊ အမေတူ သမီးကလေး၊ အမေနဲ့တူတဲ့ အတွက် လှတာ"

အစကတည်းက စိတ်နေမြင့်သော လယ်ကြွက်မသည် သမီးကိုအကြောင်းပြုပြီး မာနစိတ်တွေ ဝင်လာသည်။

"ငါ့သမီးဟာ အလွန်ချော၊ အလွန်လှတဲ့အတွက် သာမန်ကြွက်မဟုတ်ဘူး၊ ဒါကြောင့် ငါ့သမီးကို ဘုန်းတန်ခိုးရှိသူနဲ့မှ ပေးစားမယ်"

ကြွက်မလေးသည် တစ်နေ့တခြား ကြီးပြင်းလာသည်။ တစ်နေ့တခြား အလှတိုးလာသည်တွင် လယ်ကြွက်မမှာ သမက်လောင်းကို အပြေးအလွှား ရှာရတော့သည်။

"ငါ့သမီးကို ဘုန်းတန်ခိုးရှိသူနဲ့မှ ပေးစားမယ်၊ ဘုန်းတန်ခိုးရှင်ဟာ ဘယ်သူလဲ၊ မိုးနတ်သားပဲ၊ မိုးတွေ တအားရွာရင် ငါတို့တွင်းထဲ ရေတွေဝင်ပြီး အတိဒုက္ခရောက်ကြရတယ်၊ ဒါကြောင့် သူနဲ့ ခမည်းခမက်တော်ရရင် ကောင်းမှာပဲ"

လယ်ကြွက်မသည် ကြွက်အတွေး ကြွက်အမြင်ဖြင့် မိုးနတ်သားထံ သွား၏။

"အလွန်ဘုန်းတန်ခိုးကြီးတဲ့ အရှင်မိုးနတ်သား"

လယ်ကြွက်မ၏စကား မဆုံးချေ မိုးနတ်သားက ဖြတ်ပြော၏။

"ဟဲ့... ငါ ဘယ်လောက်ပဲ တန်ခိုးကြီးပေမယ့် လေနတ်သားက လေတိုက်လိုက်ရင် ငါလွင့်သွားရတာဟဲ့"

ထိုအခါ လယ်ကြွက်မသည် လေနုတ်သားအား မိုးနုတ်သား ထက် တန်ခိုးကြီးသူဟု ထင်မှတ်သွားသည်။ လေနုတ်သားထံ အပြေးသွားသည်။

"အရှင် လေနုတ်သား၊ မိုးနတ်သားထက် ပိုပြီး တန်ခိုးကြီး တယ်လို့ မိုးနတ်သားက ပြောလိုက်လို့ လာတာပါ"

"မိုးနတ်သားက ဘယ်လိုပြောလိုက်လို့လဲဟဲ့ လယ်ကြွက်မ ရဲ့"

လေနတ်သားက စိတ်ဝင်စားစွာ ပြန်မေးသည်။

"သူ မိုးသားတိမ်လိပ်တွေ ဘယ်လောက်ပဲ ဆင်ထားပေ မယ့် လေတိုက်လိုက်ရင် လွင့်သွားရတယ်တဲ့"

"အေး ဟုတ်တယ်၊ ဒါပေမဲ့ ငါဟာ မိုးသားတိမ်လိပ်တွေ ကိုသာ လွင့်အောင် တိုက်ခတ်နိုင်ပေမယ့် သင်တို့ လယ်ထိပ်က တောင်ပို့ကြီးကျတော့ မတတ်နိုင်ပါဘူးဟယ်၊ လှုပ်တောင် မလှုပ်ဘူး"

ထိုအခါ လယ်ကြွက်မ၏ထင်မြင်ချက်သည် ချက်ချင်း ပြောင်းလွဲသွားသည်။

"တောင်ပို့ကြီးဟာ တန်ခိုးအကြီးဆုံး"

ဤသို့ တွေးမိလျှင် တွေးမိချင်း လယ်ကြွက်မသည် လေ နုတ်သားအား နှုတ်သော်မျှမဆက်ဘဲ တောင်ပို့ရှိရာသို့ ပြေးလာ သည်။

"အရှင် တောင်ပို့ကြီး၊ ကျန်းခန့်သာလို့ မာတော်မူပါစ၊

အရှင်ဟာ တန်ခိုးကြီးပါပေတယ်၊ လေတိုက်တာတောင် မရွေ့တဲ့ တန်ခိုးရှင်ကြီး”

ထိုအခါ တောင်ပို့က မေး၏။

“ငါ့ကို တန်ခိုးရှင်လို့ ဘယ်သူက ပြောပါလိမ့်”

“လေနတ်သားက ပြောလိုက်တာပါ ရှင်”

“ဘယ်လိုပြောပါလိမ့်”

“သူသာ မိုးတိမ်တွေလွင့်စင်သွားအောင် တိုက်ခတ်နိုင်စွမ်း ရှိပေမဲ့ အရှင့်ကိုတော့ လွင့်သွားအောင် မလုပ်နိုင်ဘူးတဲ့”

“ဩော်... ဩော် ငါဟာ တန်ခိုးရှင်တဲ့လား”

ထိုသို့ပြောပြီး တောင်ပို့ဟာ တဟားဟား ရယ်မောသည်။ ထို့နောက် စားကျက်ထဲ၌ မြက်စားနေသော နွားကြီးတစ်ကောင်ကို လက်ညှိုးညွှန်ပြသည်။

“စားကျက်ထဲက နွားကိုမြင်လား”

“မြင်ပါတယ် အရှင်”

“အေး၊ ငါဟာ ဘယ်လောက်ပဲ တန်ခိုးကြီးတယ်ပြောပြော အဲဒီ နွားကြီးလောက် တန်ခိုးမကြီးပါဘူးဟယ်”

“ဘယ်အကြောင်းကြောင့်ပါလိမ့် အရှင်”

“ဟဲ့ အဲဒီနွားကြီးလာပြီး ငါ့ကိုဝှေ့ရင် ငါဟာ ချက်ချင်း ပြိုကျသွားရတယ်”

“သိပြီ တောင်ပို့၊ သိပြီ”

လယ်ကြွက်မသည် တစ်မုဟုတ်ချင်း နွားထီးကြီးထံသို့

ပြေးလာခဲ့သည်။ နွားထီးကြီးသည် သစ်ပင်ရိပ်ကိုခိုလျက် စားမြုံ့ပြန်နေ၏။

"အရှင်နွားထီးကြီး နေကောင်းရဲ့လား"

"လယ်ကြွက်မပါကလား၊ ဘာလာလုပ်တာတုန်း"

"အရှင်ဟာ အလွန်ကြီးမားတဲ့ တောင်ပို့ကြီးကိုတောင် တစ်ခဏအတွင်း ပျောက်ကွယ်သွားအောင် လုပ်နိုင်တဲ့ တန်ခိုးရှင်ဖြစ်တယ်တဲ့"

"ဘယ်သူက ပြောတာတုန်း"

"ဟောဟို တောင်ပို့ကြီးက ပြောလိုက်တာပါအရှင်၊ သူ့ထက် အရှင်က ပိုပြီးတန်ခိုးကြီးတယ်လို့ ပြောလိုက်ပါတယ်"

"အေး၊ ငါဟာ တန်ခိုးကြီးမကြီးတော့ မသိဘူး၊ နဖားကြိုး (နှာဖားကြိုး)က ကိုင်ပြီးဆွဲရင် တန်းလန်းတန်းလန်းနဲ့ ပါသွားရတာပဲ၊ အင်း ငါ့အထင်တော့ နှာဖားကြိုးဟာ ငါ့ထက် တန်ခိုးကြီးတာ အမှန်ပဲ"

လယ်ကြွက်မသည် ချာခနဲ လှည့်ပြေးသည်။ အိမ်တစ်အိမ်၏ ကြပ်စင်တွင် တန်းလန်းဆွဲထားသော နှာဖားကြိုးထံ ရောက်သွားသည်။

"အရှင်ဟာ တန်ခိုးကြီးတဲ့အကြောင်း နွားထီးကြီးက ညွှန်လိုက်လို့လာတာပါ"


"ငါ တန်ခိုးမကြီးပါဘူးဟယ်၊ ငါ့ကို ကြွက်ကိုက်မှာစိုးလို့ အခုလို ကြပ်စင်မှာ ဆွဲထားရတာသာ ကြည့်ပေတော့၊ အမှန်တော့

ငါဟာ ကြွက်လောက်မှ တန်ခိုးမရှိပါဘူး”

လယ်ကြွက်မ အံ့ဩသွားသည်။

ဘုန်းတန်ခိုးကြီးမားသူများကို လိုက်လံရှာဖွေခဲ့ရာ သူ့ထက်သူ ပိုမိုတန်ခိုးကြီးသူများတွင် ကြွက်သည်သာ တန်ခိုးအကြီးဆုံးပါတကားဟု ကြွက်အမြင် ကြွက်အတွေးဖြင့် သုံးသပ်မိလေတော့၏။

□



လေသတ်တို့၊ ညှို့ နှင့် မောင်တျာဘမ်း

“မြစ်ပုံကတော့ မယုံနိုင်စရာပဲ လောက်တိုရေ

နွားလောက်ရှိတဲ့ ခွေးကြီးတစ်ကောင်

တို့အထုပ်ကို ချီပြေးတယ်၊

ခရီးလမ်းကြို ဟောဒီလူတွေ

ဝိုင်းမောင်းတာကို မရပါဘူးကွာ၊

အဲဒီ မင်းမယုံမှာစိုးလို့ ခဏနေကြပါဦး

တောင်းပန်ထားရတယ်”

## လေက်တို၊ ညိုနှင့် မောင်ကျဘမ်း

တစ်ရံရောအခါက သူငယ်ချင်းနှစ်ယောက် ရှိခဲ့ကြလေသည်။ သူတို့၏အမည်များမှာ လေက်တိုနှင့် ညိုဟူသတတ်။ သူတို့သည် ပျော်ပျော်ရွှင်ရွှင် နေတတ်သူများဖြစ်ကြ၏။ လူတို့၏ အားနည်းချက်များ၊ ပျော့ကွက်များကိုလည်း ကြည့်တတ်မြင်တတ်သူများ ဖြစ်ပေ၏။

တစ်ခါသော် လူသိများ၍ လွန်စွာ ထင်ရှားသော သူဌေးကြီးတစ်ဦး ကွယ်လွန်ကြောင်းကို သူတို့ကြားရသည်။ သူတို့ရွာနှင့် အလှမ်းဝေးသည်။ သို့ရာတွင် သီလရှိခြင်းနှင့် သမာဓိဖြင့် ပြည့်စုံခြင်း၊ အလှူဒါနပြုရာ၌ ရက်ရောခြင်းတို့ကြောင့် အဝေးရပ်ရွာများအထိ ထင်ရှားခြင်းဖြစ်ပေသည်။

လေက်တိုနှင့် ညိုသည် သူဌေးကြီး ကွယ်လွန်ပြီး၍ တစ်လပြည့်သောနေ့တွင် ထိုရွာ ထိုအိမ်သို့ ရောက်သွားကြသည်။

"ကြွကြပါခင်ဗျာ၊ ထိုင်ကြပါခင်ဗျာ၊ ကြွရောက်လာတဲ့

ကိစ္စများကို အမိန့်ရှိတော်မူကြပါ"

အသက်အရွယ် ကြီးရင့်သူအဖြစ် ရုပ်ပြောင်းထားသော ငလက်တိုက်ကို ဦးတည်လျက် သူဌေးသားက ဆိုကြ၏။ နေရာ ထိုင်ခင်းပေး၏။ မေးမြန်း၏။

ငလက်တိုက အသံကိုဖျက်ပြီး ပြောသည်။

"အဘိုးနဲ့ မောင့်ဖခင်တို့ဟာ ခင်မင်ရင်းနှီးသူများ ဖြစ်ကြ တယ်၊ လွန်ခဲ့သော ခုနစ်နှစ်က အဘိုးလုပ်ငန်း လုပ်စရာရှိတဲ့ အတွက် မဟာမြိုင်တောကိုသွားကာနီးမှာ မောင့်ဖခင်ထံ၌ ငွေဒင်္ဂါး တစ်တင်း အပ်နှံထားခဲ့တယ်၊ မောင့်ဖခင် ကွယ်လွန်တဲ့ သတင်း ကို ကြားရင်ကြားချင်း မလာနိုင်တာကတော့ ကိစ္စတွေ မပြတ် သေးတာတစ်ကြောင်း၊ မောင့်မှာလည်း သောကပွားနေတာ တစ်ချက်တို့ကြောင့်ဖြစ်တယ်၊ အခု သေသောသူ ကြာလျှင်မမေ့ သော်လည်း သောကများ ငြိမ်းတန်သလောက် ငြိမ်းပြီဖြစ်တဲ့ အတွက် အမွေစား အမွေခံဖြစ်တဲ့ သားထံမှာ လာရောက်တောင်းခံ ရတာပါ"

ကွယ်လွန်သူ သူဌေးကြီး၏ သား အမွေခံ သူဌေးဂုဏ်လေးက ခေါင်းခါပြီး

"ကျွန်တော့်ဖခင်ရှိစဉ်က အဖေ့ထံကို ဝင်ထွက်သွားလာတာ ကို ကျွန်တော် မမြင်ဖူးဘူး၊ အဖေကလည်း ဒီရွာဒီရပ်မှာဖြင့် ငါ့ သူငယ်ချင်း ရှိလေရဲ့လို့ အဘိုးနာမည်ကို တစ်ခါမှ ပြောသံမကြား ဘူးတဲ့အတွက် မပေးနိုင်ပါ"

ဟု ချက်ကျလက်ကျ ချေပပြောဆိုကာ ငြင်းဆန်လေသည်။

သူဌေးပေါက်စကလေးမှာ အသက်ငယ်ငယ်ရွယ်ရွယ် မလည်မဝယ်မို့ အလွယ်တကူပြော၍ ရမည်ထင်သဖြင့် လာခဲ့သည်။ သူဌေးကလေးမှာ အသက်ငယ်သော်လည်း ချက်ချာလည်ဝယ်သည်။ သို့သော် လက်တိုကလည်း လွယ်လွယ်နှင့် အလျှော့ပေးတတ်သူ မဟုတ်ပေ။

"အမောင် သူဌေးကလေး ငါ့အသက်အရွယ်နဲ့ ဒီငွေကလေး တစ်တင်းမျှ လိမ်မည်လော၊ သို့သော် ရှိစေတော့"

ဤတွင် ငညိုက ဝင်ပြောသည်။

"အဘိုးဟာ သစ္စာသမာဓိ အခြေခံတဲ့ လုပ်ရပ်စခန်း တက်လှမ်းနေသူဖြစ်ပါလျက်နဲ့ ဘာပြုလို့ မုသားပြောရတာတုန်း"

"ငါ မုသားမပြော၊ ငွေဒင်္ဂါးတစ်တင်းကို တင်းတောင်းနဲ့ ခြင်ပြီး အပ်နှံခဲ့တာ မင်းရှေ့တွင်ပဲ"

"တစ်တင်းမပြည့်ပါဘူး အဘိုးရာ၊ အနားကွပ်အောက်မှာ လက်တစ်လုံး လျော့နေပါတယ်"

ဆရာတပည့်နှစ်ယောက် ထိုသို့ အငြင်းပွားသဖြင့် သူဌေးကလေးမှာ အဟုတ်ထင်သွားပြီး ငညိုပြောသည့်အတိုင်း တိုးနယားဒင်္ဂါးတစ်တင်း ပေးလိုက်လေ၏။

တိုးနယားဒင်္ဂါးတစ်တင်းကို ပုဆိုးဖြင့်ထုပ်ပြီး သူဌေးကလေးရှေ့မှ မုင်သေစွာ ထွက်လာကြသော်လည်း ရွာနှင့်တစ်ခေါ်ခန့်ဝေးသော တောစပ်အရောက်၌ လက်တိုနှင့် ငညိုတို့ စကား

များကြလေသည်။

"ငါဦးဆောင်ပြီး ပြောတဲ့အတွက်ရတာ၊ ဒါကြောင့် ငါ သုံးချိုးနှစ်ချိုးယူမယ်"

"မဟုတ်ဘူး၊ မင်းပြောတာကို သူဌေးလေးက မယုံဘူး၊ ငါဝင်ပြောမှ ယုံကြည်သွားတဲ့အတွက် ငါသာ သုံးပုံနှစ်ပုံရသင့်တယ်"

ငွေထုပ်ကို တစ်ယောက်တစ်လှည့် ထမ်းပြီး လမ်းလျှောက်လာကြရာ လမ်းတစ်လျှောက်လုံး စကားများလာကြလေ၏။ တစ်နေရာသို့အရောက်တွင် ငလက်တိုသည် တောထိုင်ရန် ချုံထဲသို့ ကမန်းကတန်း ဝင်ပြေး၏။ ငညိုလည်း ငွေထုပ်ကိုထမ်းပြီး ပြေးကာ နယ်ဖတ်ဆဲ ကောက်ပြန့်တစ်ခုအောက်သို့ ဝင်ရောက်ပုန်းအောင်းနေလေသည်။

ချုံထဲမှ ငလက်တို ထွက်လာပြီ။ ငညို မမြင်။ ကွင်းထဲသို့ လှမ်းကြည့်၏။ လူရိပ်လူယောင် မတွေ့ရ။ ပုန်းအောင်းစရာဟူ၍ မလှမ်းမကမ်းတွင် နယ်ဖတ်ဆဲ ကောက်ပြန့်ရှိသည်။ မုချ ဤအထဲတွင် ငညို ရှိရမည်။

ငလက်တိုသည် ခြေကိုဖော့နင်းလျက် တလင်းထဲသို့ လာသည်။ လယ်သမား အသုံးအဆောင်ပစ္စည်းများကို ကြည့်သောအခါ "ခလောက်"တစ်လုံးကို တွေ့သည်။ ခလောက်ကို တဒုံဒုံမြည်အောင် လှုပ်ရမ်းရင်း ကောက်ပြန့်သားသို့ ငလက်တို ချဉ်းကပ်သွားသည်။

ကောက်ပြန့်အောက်ရှိ ငညိုမှာ အပြင်ကိုမမြင်ရ။ နွားတစ်ကောင် လာနေပြီထင်နေသည်။ ကောက်ပြန့်ပေါ်သို့ နွားရောက်လာလျှင် သူ့ကို နင်းမိမည်စိုးရိမ်သည့်အတွက် "ဟဲ့နွား ဟဲ့နွား" ဟုအော်သည်။

"ဟေ့ကောင် ထွက်ခဲ့ ထွက်ခဲ့၊ ငါနွားမဟုတ်ဘူး လူကွ"

ငလက်တိုက ကောက်လှိုင်းများကို ဆွဲဖယ်လိုက်ရာ ငညိုမှာ "ဟဲဟဲဟဲ ငါကျီစားတာပါကွာ"ဟု ရယ်မောလျက် ထွက်လာရလေ၏။

မွန်းတည့်ချိန်ခန့်တွင် သူတို့သည် ရွာတစ်ရွာသို့ ဝင်မိကြသည်။ ငလက်တို၏ ဆွေမျိုးများနှင့် အဖေပါရှိသော ရွာဖြစ်သည်။ ငလက်တိုသည် အိမ်တစ်အိမ်သို့ ဦးစွာတက်သွားပြီး ကြိုတင်နှုတ်ပိတ်သည်။ ထို့နောက် ငညိုကို အိမ်ပေါ်သို့ခေါ်သည်။ ငညို၏ရှေ့တွင် သူစိမ်းအဖြစ် ဟန်ဆောင်ပြောဆိုသည်။

အိမ်ရှင်သည် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့အရ ထမင်းစားချိန်တွင် ရောက်လာသောဧည့်သည်များကို ထမင်းချက်ကျွေးသည်။ ငလက်တိုလည်း ငညို ထမင်းစားဆဲတွင် သူ့အဖေထံသို့ ပြေးသွားသည်။

"အဖေ ကျုပ်တို့မှာ တိုးနယားဒင်္ဂါးတစ်တင်း ပါလာတယ်၊ ဟိုကောင်ငညိုနဲ့ အဝေမတည့်ဘူး၊ သူ သုံးချိုးနှစ်ချိုး ရသင့်တယ်၊ ငါသုံးချိုးနှစ်ချိုး ရသင့်တယ်နဲ့ ဖြစ်နေကြတယ်၊ အဖေ ကူညီပါဦး"

"ရွာထိပ်နတ်စင်နားက လက်ပံပင်မှာ အခေါင်းရှိတယ်၊ အဲဒီထဲမှာ ငါဝင်နေမယ်၊ မင်းတို့ ငါ့ဆီလာပြီး နတ်မေးကြပေါ့ကွာ"

လေက်တိုလည်း ဝမ်းသာအားရ ပြန်သွားသည်။ ထို့နောက် အိမ်ရှင်အား နှုတ်ဆက်ပြီး ညောိနှင့်အတူ ရွာမှထွက်လာသည်။ နတ်စင်ကိုမြင်သည်တွင် လေက်တိုက "ဟော့ သူငယ်ချင်း၊ မင်းနဲ့ ငါနဲ့ ရေရှည်အငြင်းပွားနေလို့ မဖြစ်ဘူး၊ နတ်ကွန်းမှာဝင်ပြီး နတ်မေးရရင် မကောင်းဘူးလား"ဟု မေးသည်။

ညောိက "ကောင်းတယ်"ဟု ပြောသဖြင့် နှစ်ယောက်သား နတ်စင်သို့ လာခဲ့ကြ၏။ နတ်စင်ဘေးတွင် ငွေထုပ်ကို ချထားသည်။ လေက်တို၏ တိုင်တည်သည်။

"အရှင်နတ်မင်း ကျွန်တော် လေက်တိုနဲ့ သူငယ်ချင်း ညောိတို့ဟာ"

ဤသို့အစချီကာ တိုးနယားဒင်္ဂါး တစ်တင်းရခဲ့ပုံနှင့် အငြင်းပွားပုံကို တင်ပြသည်။ "အဲဒါကြောင့် ငွေဒင်္ဂါးများရဲ့ သုံးချိုးနှစ်ချိုးကို သူ ရသင့်သလား၊ ကျွန်တော် ရသင့်သလား အဆုံးအဖြတ်ပေးတော်မူပါ"ဟု အဆုံးသတ်သည်။

"တစ်တင်းပြည့်ရန် လက်တစ်လုံးလိုနေသော တိုးဒင်္ဂါး သုံးပုံနှစ်ပုံကို လေက်တို ရသင့်တယ်၊ အဘယ်ကဲ့သို့သော အကြောင်းကြောင့်ဆိုသော် သူငွေးကလေး၏ လက်ခံမှု၊ လေးစားမှု ရရှိစေရန် လေက်တိုကသာလျှင်"

"ဒီနတ် တော်တော်လျှာရှည်တယ်ကွာ၊ နတ်အစစ် ဟုတ် မဟုတ် စမ်းကြည့်မယ်"

ဉာဉ်သည် ပြောပြောဆိုဆို ကောက်ရိုးတွေ ပြေးယူပြီး သစ်ခေါင်းကို မီးတိုက်လေ၏။ လေက်တို၏အဖေ နတ်အတု လည်း ကြောက်အားလန့်အားဖြင့် ထွက်ပြေးရာ ပုဆိုးကျွတ်ကျ ကျန်ခဲ့လေသည်။

သူတို့သည် ငွေအိတ်ကို တစ်ယောက်တစ်လှည့် ထမ်းလာ ကြ၏။ ချောင်းခြောက်တစ်ခုသို့ ရောက်လျှင် မှောင်စပျိုးသဖြင့် သောင်ပြင်ပေါ်တွင် အိပ်ကြသည်။ နံနက်လင်းသောအခါ လေက် တိုက နောက်မှနိုးသည်။ နိုးလျှင်နိုးချင်း ကြည့်လိုက်ရာ ငွေထုပ် မရှိတော့သည်ကို တွေ့ရသည်။

သို့သော် မျက်နှာစိမ်းသုံးယောက်ကို ဉာဉ့်ဘေး၌ မြင်ရ သည်။

"သူငယ်ချင်း ဟိုအထုပ်ကော"

"ဖြစ်ပုံကတော့ မယုံနိုင်စရာပဲ လေက်တိုရေ၊ နွားလောက် ရှိတဲ့ ခွေးကြီးတစ်ကောင် တို့အထုပ်ကို ချီပြေးတယ်၊ ခရီးလမ်းကြုံ ဟောဒီလူတွေ ဝိုင်းမောင်းတာကို မရပါဘူးကွာ၊ အဲဒါ မင်းမယုံမှာ စိုးလို့ ခဏနေကြပါဦး တောင်းပန်ထားရတယ်"

ဉာဉ်က မျက်နှာသေကလေးဖြင့် ဝမ်းပမ်းတနည်း ပြော သည်။ လေက်တိုသည် ဉာဉ်ညွှန်ပြသော သက်သေဘေးသို့ ကပ် သွားကာ "ခွေးက ဘာရောင်လဲ၊ ဘယ်ဘက်ကို ပြေးလဲ"ဟု

တီးတိုးမေးသည်။ အမေးခံရသူကလည်း "ခွေးနက်ကြီးလေ၊ တောင်စူးစူးကို အတင်းပြေးတာပဲ"ဟု နှစ်ကိုယ်ကြား ဖြေသည်။

လေက်တိုသည် ဤနည်းဖြင့် သက်သေသုံးယောက်ထံ တစ်ယောက်ချင်း ချဉ်းကပ်ပြီး မေးရာ ညီို၏အလိမ်ပေါ်တော့သည်။

"သူငယ်ချင်းညိုိ မင်းပြတဲ့သက်သေတွေထဲက ပထမသက်သေကို မေးတဲ့အခါ အထုပ်ကိုချီသွားတဲ့ခွေးက ခွေးနက်၊ တောင်စူးစူးကို ပြေးသွားသတဲ့၊ ဒုတိယလူကတော့ ခွေးနီကြီး၊ မြောက်ဘက်ကို ပြေးသတဲ့၊ တတိယလူကတော့ အထုပ်ကိုချီသွားတဲ့ ခွေးဟာ ခွေးကျားဆိုပါကလား၊ အနောက်စူးစူးကို ပြေးသွားသတဲ့၊ ကဲကဲ သဲထဲမှာဝှက်ထားတဲ့ အထုပ်ကိုဖော်ကွာ၊ နေမပူခင် ခရီးဆက်ပြီး ငါတို့သူငယ်ချင်း ခုံတော်မောင်ကျဘမ်းဆီ အရောက်သွားကြစို့"

ဒင်္ဂါးတစ်ပြားစီ ပေးပါမည်ဟု ညီိုခေါ်ထားသော သက်သေလိမ်များလည်း ခုံတော်မောင်ကျဘမ်းဟူသည့် အသံကိုကြားခါမျှဖြင့် ထွေထွေထူးထူး မပြောတော့ဘဲ သုတ်ခြေတင်သွားကြလေသည်။

ခုံတော်မောင်ကျဘမ် ကား လေက်တိုနှင့် ညီိုတို့၏ ကျောင်းနေဖက်သူငယ်ချင်းဖြစ်၏။ ကြိုးစားသောကြောင့် အဆင့်ဆင့် တက်လာရာ မကွေးမြို့ပေါ်တွင် ရှေ့နေရှေ့ရပ်ဘဝကို ကျော်လွန်ပြီး ခုံတော်ဖြစ်နေပြီ။

လက်တိုနှင့် ညိုသည် မောင်ကျဘမ်းရှေ့တွင် ငွေတွေ သွန်ချသည်။ ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြသည်။

"အဲဒါပဲ သူငယ်ချင်းရေ၊ မင်းပဲ ဆုံးဖြတ်ပါတော့"

မောင်ကျဘမ်း၌ ပညာသင်တပည့် များစွာရှိသည်။ ထိုသူတို့အား ခေါ်ပြီး တိုးဒင်္ဂါးအရေအတွက်ကို ရေးမှတ်ခိုင်းသည်။ ထို့နောက် ဒင်္ဂါးအရေအတွက်၏ထက်ဝက်ကို တစ်ပုံ၊ ကျန်တစ်ဝက်ကို ထပ်မံစိတ်ဖြာပြီး အပုံကလေးတွေပုံသည်။

အားလုံးခွဲဝေစုပုံအပြီးတွင် လက်တိုနှင့် ညိုအား မောင်ကျဘမ်းက ပြောသည်။

"ဟောဒီ ထက်ဝက်ပုံကြီးက အဆုံးအဖြတ်ပေးတဲ့ ငါ့အတွက်"

"ဒီအပုံလေးတွေကကော"

"ငွေဒင်္ဂါးရေတွက်သူများအတွက် နှစ်စု၊ ရေးမှတ်တဲ့ စာရေးများအတွက် သုံးစု"

"ဟောဟိုအပုံသေးသေးကလေး နှစ်ပုံကကော"

"မင်းတို့နှစ်ယောက်အတွက် တစ်ယောက်တစ်ပုံစီလေ"

"မင်းကို အားကိုးကာမှ ဒီလိုလုပ်တာ တော်သလားကွ"

ဟု အော်ကြီးဟစ်ကျယ်ပြောပြီး လက်သီးလက်မောင်းတန်းသူမှာ လက်တိုဖြစ်သည်။

"သူငယ်ချင်း အော်ကြီးဟစ်ကျယ် လုပ်မနေနဲ့၊ မင်းတို့ရဲ့ ၁စ္စည်းဟာ ဓမ္မိယလဒ္ဓ မဟုတ်ဘူး၊ မင်းပါးစိုးခွင် ပေါက်ကြား

သွားရင် တစ်ပြားမျှမရဘဲ အချုပ်အနှောင်ခံနေရလိမ့်မယ်၊ ရသလောက်ယူပြီး သွားကြပေတော့”

မင်းနှင့်ခြောက်သောအခါ ငလက်တို့နှင့် ငညိုမှာ ဆက်မပြောနိုင်တော့ဘဲ မောင်ကျာဘမ်း၏အိမ်ပေါ်မှ ကုတ်ကုတ်ကလေး ဆင်းသွားကြလေ၏။

❑



ထူးလည်းထူးသည့် ကိုညာဏ်ထူး

“ငါဟာ သီလစောင့်ထိန်းသူလို့
လူတွေက ထင်ကြတယ်၊
ငါကလည်း ငါဟာ သီလစောင့်တယ်လို့
ပြောနေသူဖြစ်ပါလျက်နဲ့ ပုစွန်လုံးတွေကို
ရေနွေးဖျောရင် မကောင်းဘူး။
သီလပျက်တော့မယ်၊
ဘယ်လိုလုပ်ရပါ့”

## ထူးလည်းထူးသည့် ကိုဉာဏ်ထူး

ရှေးသရောအခါက ရွာတစ်ရွာတွင် ကိုဉာဏ်ထူး အမည်ရှိသည့် သီလကြောင်တစ်ယောက် ရှိခဲ့၏။

သီလဆိုသည်မှာ စောင့်ထိန်းရသော တရားဖြစ်သည်။ ငါးပါးသီလနှင့် ရှစ်ပါးသီလ၊ ကိုးပါးသီလ စသောသီလများကို စောင့်ထိန်းရသော တရားဟုခေါ်သည်။ ထိုသီလတစ်ပါး ပါး ပျက်သွားလျှင် သီလကျိုး၏။ သီလတစ်ပါးပါး မခိုင်မခံ့ဖြစ်သွားလျှင် သီလပြောက်သည်၊ ကျားသည်ခေါ်၏။

သီလကြောင်သည်ဆိုရာတွင်မူ သီလကို ရှိသေစွာ မစောင့်သုံးသော ပြက်ချော်ချော်လူများကို ခေါ်သည်။

အဆိုပါ ကိုဉာဏ်ထူးသည် တစ်နေ့သ၌ တောထဲသို့သွားပြီး မျှစ်နှင့်မှိုများ၊ ဟင်းသီးဟင်းရွက်များ ရှာဖွေလာခဲ့သည်။ လမ်းတွင် ရေအိုင်တစ်ခုကို တွေ့သည်။ ရေအိုင်မှာ ရေများခမ်းခြောက်စပြုနေပြီ။ အထက်ပါလူသည် ရေအိုင်ကိုမြင်သောအခါ ဤသို့

တွေး၏။

"ရေနည်းလျှင် ငါးဖမ်းလို့ရနိုင်တယ်၊ ဒါပေမဲ့ ငါ့ကို လူတွေက ငါးပါးသီလ လုံခြုံသူလို့ ထင်နေကြတာ၊ ဟုတ်တယ်၊ ငါကလည်း ငါးပါးသီလမြဲတယ်လို့ ပြောပြောနေတာကိုး။ ဒါကြောင့် ငါ ငါးဖမ်းတာကို လူမြင်လို့မဖြစ်ဘူး"

ထို့ကြောင့် သူသည် တောင်ပူစာတစ်ခုပေါ်သို့ တက်ပြီး တောင်မြောက်လေးပါးကို ကြည့်၏။ လယ်ကွင်းကြီးကား ရှင်းလင်းနေ၏။ မိမိဘက်သို့ လာနေသူ တစ်စုံတစ်ယောက်မျှ မရှိချေ။

ထိုအခါ ထိုလူသည် ရေအိုင်ထဲသို့ဆင်းကာ အားရပါးရနှိုက်ပြီး ငါးဖမ်းတော့သည်။ သို့ရာတွင် အခြားသူများက သူ့ထက် စောစီးစွာ ဖမ်းပြီးသွားကြသဖြင့် ရေအိုင်ထဲတွင် ငါးမရှိတော့ပါ။ ထိုသူ မည်မျှပင် ကြိုးစားရှာဖွေစေကာမူ ငါးမရပါ။ သို့ရာတွင် သူရှာဖွေခြင်းမပြုပါဘဲလျက် ရှောင်မလွတ်အောင် ပေါများသောအရာများကား ရှိချေ၏။ ထိုအရာများကား ကဏန်းနှင့် အသွင်တူသော ပုစွန်လုံးများပေတည်း။

ပုစွန်လုံးမှာ အခွံနှင့် ခြေရှစ်ချောင်းကို ဖယ်လိုက်လျှင် စားစရာ များများမကျန်တော့ပါ။ သို့ကြောင့် ပုစွန်လုံးကို လူများမကြိုက်ပါ။ ထိုသူလည်း မကြိုက်ပါ။ မကြိုက်သော်လည်း သူ့ရှေ့တွင် လက်မတထောင်ထောင် မျက်လုံးပြူးကြောင်ကြောင်နှင့် တရွရွသွားနေကြသည်ကို မြင်ရသောအခါ ထိုသူ မနေနိုင်

တော့ပါ။ ပုဆိုးကို ခါးပိုက်ထောင့်လုပ်ပြီး ပုစွန်လုံးတွေကို တစ်ကောင်ပြီးတစ်ကောင် ဖမ်းထည့်တော့သည်။

သူ ပုစွန်လုံးဖမ်းသည်ကို အခြားသူများ တွေ့မြင်သွားမည်ကိုလည်း စိုးရိမ်သေးသည်။ ပုစွန်လုံးတွေပါလာသည်ကို သတိမပြုမိကြစေရန် ဟင်းရွက်စည်းကိုမွေ့လျက် အိမ်သို့ပြန်လာသည်။

သူသည် အိမ်သို့ရောက်လျှင်ရောက်ချင်း မီးဖိုကြီးတစ်ခုဖိုသည်။ ထိုအပေါ်တွင် အိုးတစ်လုံးတင်ပြီး ရေတွေထည့်သည်။ မကြာမီ ရေတွေဆူပွက်သောအခါ သူသည် ပုစွန်လုံးများကို ထားသိုရာမှ ထုတ်သည်။

"ငါဟာ သီလစောင့်ထိန်းသူလို့ လူတွေက ထင်ကြတယ်၊ ငါကလည်း ငါဟာ သီလစောင့်တယ်လို့ ပြောနေသူဖြစ်ပါလျက်နဲ့ ပုစွန်လုံးတွေကို ရေနွေးဖျောရင် မကောင်းဘူး၊ သီလ ပျက်တော့မယ်၊ ဘယ်လိုလုပ်ရပါ့"

ထိုသို့ တွေးမိသောအခါ ပုစွန်လုံးတွေကို ရေနွေးဖျောရန် အစက်တွေ့သွားသည်။ ပင်ပန်းစွာ ဖမ်းဆီးလာပြီးသော ပုစွန်လုံးများကိုလည်း လွှင့်ပစ်ရန် နှမြောနေ၏။ ထိုသို့ အစက်အခဲတွေ့ကာ ကြံရာမရဖြစ်နေစဉ် အကြံတစ်ခုရ၏။ လုံးချောသော ကြိမ်တစ်ချောင်းကို ရေနွေးအိုးပေါ်တွင် ကန့်လန့်တင်လိုက်၏။

"မင်းတို့ထိုက်နဲ့ မင်းတို့ကံပဲပေါ့ကွာ၊ ဒီကြိမ်ပေါ်လျှောက်ပြီး အိုးရဲ့ဒီဘက်နှုတ်ခမ်းက ဟိုဘက်နှုတ်ခမ်းကိုရောက်အောင် ကူးနိုင်ရင် ကူးပြီးသွားကြပေတော့"

သူသည် ပုစွန်လုံးများကို ကြိမ်ပေါ်သို့ တင်ပေးလိုက်လေ၏။ ပုစွန်လုံးသည် ရေထဲ၌ ကျင်လည်ခဲ့သော သွားလာသူများဖြစ်သည်။ ဤကဲ့သို့ ချော်ချွတ်လိမ့်လူးနေသော တုတ်သေးသေးပေါ်၌ လျှောက်ဖူးကြသူများ မဟုတ်ပေ။ သို့ဖြင့် ရေအေးအိုးထဲသို့ တစ်ကောင်ပြီးတစ်ကောင် ပြုတ်ကျကုန်ကြလေ၏။


ထိုအထဲမှ ပုစွန်လုံးတစ်ကောင်ဟာ လူးလူးလိမ့်လိမ့်ဖြင့် ကုတ်ကတ်ပြီးသွားရာ ရေအေးအိုးတစ်ဖက်နှုတ်ခမ်းသို့ ရောက်သွားလေ၏။ ထိုအခါ ကိုညက်ထူးသည် ပုစွန်လုံးကို သေချာစွာ ကြည့်၏။ အခြားအကောင်များထက် ထွားကျိုင်းဆူဖြိုးသဖြင့် လွှတ်လိုက်ရန် နှမြောသွားသည်။

ထိုအခါ ထိုပုစွန်လုံးကို ကောက်ယူပြီး မူလရေအေးအိုး နှုတ်ခမ်းပေါ်သို့ ပြန်တင်ပေးလိုက်သည်။

"မင်းက အကောင်ကြီးတဲ့အတွက် နစ်ခါလျှောက်"

ပုစွန်လုံးသည် ကြိမ်လုံးကို ဖက်ခဲ့စွာ လျှောက်ပြန်သည်။ အောက်မှ ရေအေးငွေ့က ဟပ်၊ တစ်ကြိမ်လျှောက်ထားရသဖြင့် ပင်ပန်းနေပြီဖြစ်ရာ ကြိမ်၏အလယ်ကောင်သို့အရောက်၌ ပလုံခနဲ ရေအေးထဲသို့ ပြုတ်ကျသွားလေ၏။

❑



ချေင်းတစ်ဖြစ်လဲ မောင်တွေး

"ဘာတစ်ခုမျှ မလုပ်တဲ့ ပျော်ကို
လုပ်မကျွေးနိုင်ပါဘူး ခင်ဗျား၊
ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်
အတူနေမယ်၊
ပျော်နဲ့တော့ အတူမနေနိုင်ပါဘူးခင်ဗျား"

## ငပျင်းတစ်ဖြစ်လဲ မောင်ထွေး

တစ်ရံရောအခါက ကျေးရွာတစ်ရွာတွင် အဘိုးကြီးအို၊ အမယ်ကြီးအို သူအိုလင်မယားတို့ ရှိခဲ့ကြသည်။ သူတို့တွင် သားသုံးယောက်ရှိရာ မောင်ကြီး၊ မောင်ငယ်နှင့် မောင်ထွေးဟု အမည်ပေးထားသည်။

မောင်ကြီးသည် ယောကျာ်းပီသသော ရုပ်ရည်ရှိသည်။ စိတ်သဘောမြင့်မြတ်သည်။ ထကြွ လုံ့လ ဝီရိယရှိသည်။ မောင်ငယ်လည်း ထိုနည်းတူ ယောကျာ်းကောင်းတစ်ယောက်ဖြစ်သည်။ မိဘနှစ်ပါးအား လိုလေသေးမရှိရအောင် ပြုစုစောင့်ရှောက်ကြသည်။

မောင်ထွေးသော်ကား ရုပ်ရည်ရူပကာ သန့်ပြန့်စေကာမူ အလွန်ပျင်းရိ၏။ ငယ်စဉ်က ပျင်းရိသောအခါ ကလေးမို့ အကြောင်းမဟုတ်။ အရွယ်ရောက်သည်အထိ ပျင်းရိသောအခါ သူတစ်ပါးက အထင်သေးလာသည်။ အထင်သေးရုံမက အမေ၊ အဖေပေးသည့် "မောင်ထွေး" အမည်ကို ဖျက်ကာ "ငပျင်း"ဟု ခေါ်တွင်သည်အထိ ဖြစ်လာလေ၏။

ပျေါင်းကလည်း ပျော်ပါပေ။

"ဟဲ့ ပျေါင်း၊ ငှက်ပျောသီးစားမလား"

"အခွံ ခွာပြီးသားလား"

ထိုမျှပျင်းသောကြောင့် ပျေါင်းအား အစ်ကိုများကလည်း မသဒ္ဓါကြ၊ မကြည်ဖြူကြချေ။ စွမ်းစွမ်းသန်သန် ကျန်းကျန်းမာမာကြီးက အိပ်ရာထဲတွင် အမြဲလှဲနေသောအခါ အဘယ်သူသည် စေတနာရှိပါမည်နည်း။

သို့ရာတွင် မိဘကား မိဘဖြစ်သည်။ မိဘကား ခပ်ယူ၍ မကုန်နိုင်သော မေတ္တာရေတွင်းကြီးဖြစ်ရာ ပျေါင်းအား စေတနာ မပျက်ကြပေ။ "သားတို့ရယ် မင်းတို့မှာ ဒီညီလေးတစ်ယောက်ပဲ ရှိတာ၊ ခွင့်လွှတ်ကြ၊ သည်းခံကြပါကွယ်" ဟူ၍ပင် မောင်ကြီးနှင့် မောင်ငယ်တို့အား တောင်းပန်ဖျောင်းဖျကြသေးသည်။

သို့အတွက် မိဘကို ရိုသေသော မောင်ကြီးနှင့် မောင်ငယ်သည် ပျေါင်းကို စေတနာမရှိပါဘဲလျက် အောင့်အည်းသည်းခံနေကြ၏။

တစ်ရံခါသော် အဘိုးအို ကွယ်လွန်သည်။ ထိုအခါ အမေသည် သားလှမောင်ထွေး လူကလေး ပျေါင်းအား သတိပေးသည်။

"အမေလည်း သေမျိုးမို့ တစ်နေ့နေ့မှာ သေရမှာပဲ၊ အမေ မသေခင် ငါ့သားရဲ့ ပျင်းရိတဲ့စိတ်ကို ပြင်ပေတော့၊ မပြင်ရင်တော့ အမေ သေတဲ့အချိန်မှာ ငါ့သားခက်တော့မယ်"

အမေက အမြော်အမြင်ကြီးစွာ ဆုံးမသော်လည်း ပျေါင်း

ကား ပျင်းမြဲသာ။ "ပျင်းတယ်ဆိုတာ နာမည်သာဆိုးတာ၊ ဘယ်လောက်သက်သာတယ်မှတ်တုန်း" ဟူ၍ပင် အတည်လိုလို အပြောင်အပြက်လိုလို ပြောလိုက်သေး၏။

အမေမျှော်လင့်သောနေ့သို့ ဆိုက်ရောက်လာခဲ့ပြီ။

ထိုနေ့ကား အမေ ကွယ်လွန်သောနေ့ပေတည်း။

မောင်ကြီးနှင့် မောင်ငယ်တို့သည် အမေ့အလောင်းကို မွေ့ဖက်ပြီး ငိုကြ၏။ ပျင်းမှာမူ အိပ်ရာထဲမှ ထထိုင်ရန် ပျင်းသောကြောင့် အိပ်ရာထဲမှာပင် ငိုကြွေးရသည်။ သို့ကြောင့် အပျင်းကို ကိုးကွယ်သော ပျင်းသည် အမေ့အသုဘကိုပင် လိုက်မပို့ချေ။

အမေ့အား ရည်စူးပြီး ရက်လည်ဆွမ်းသွတ် တရားနာသည်။ တရားနာပြီးလျှင်ပြီးချင်း ရပ်မိရပ်ဖများက သူတို့ညီအစ်ကိုသုံးယောက်၏ ရှေ့ရေးကို ဆွေးနွေးကြသည်။ ထိုအခါ မောင်ကြီးနှင့် မောင်ငယ်က ပြတ်သားစွာ ပြောသည်။

"ဘာအစ်ခုမျှ မလုပ်တဲ့ ပျင်းကို လုပ်မကျွေးနိုင်ပါဘူး ခင်ဗျာ၊ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် အတူနေမယ်၊ ပျင်းနဲ့တော့ အတူမနေနိုင်ပါဘူး ခင်ဗျား"

"တဖြည်းဖြည်း ဆုံးမကြ ဖျောင်းဖျကြပါကွယ်တို့၊ မင်းတို့မှာ ဒီညီလေးတစ်ယောက်ပဲ ရှိတာမဟုတ်လား"

ရပ်မိရပ်ဖများက တောင်းပန်သော်လည်း မောင်ကြီးနှင့် မောင်ငယ်က ခေါင်းမာသည်။ သူတို့ ညီအစ်ကိုနှစ်ယောက်က နွားနှစ်ရှဉ်း၊ လှည်းနှစ်စီးနှင့် လယ်မြေများကိုယူသည်။ ကျန်သော

နွားအားလုံးနှင့် နေအိမ်ကို ပျောင်းအား ပေးသွားခဲ့ပြီး အိမ်ပေါ်မှ ဆင်းသွားကြလေ၏။

ပျောင်းမှာ လူဟူ၍ဖြစ်လာကတည်းက အလုပ်လုပ်ဖူးသူ မဟုတ်ရကား အမွေရသော နွားများကို မထိန်းသိမ်းတတ်ပေ။ သို့ကြောင့် ခြံဝင်သည့်နွားက ဝင်သည်။ မဝင်သည့်နွားက မဝင်။ ခြံမဝင်ဘဲ လေလွင့်နေသော နွားများမှာ သူခိုးလက်သို့ ပါသွားလေ၏။

သို့ဖြစ်သဖြင့် ပျောင်းသည် နွားများကို ရောင်းချပစ်လိုက်သည်။ သို့ရာတွင် အလွန်ပိန်လှီသော နွားကျိုးမတစ်ကောင်မှာ ဝယ်သူမရှိသဖြင့် ပျောင်းထံတွင် ကျန်နေခဲ့၏။ ထိုနွားမကို ပျိုင်းရိသဖြင့် ပျောင်းနွားကျောင်းပုံမှာ ဤသို့ဖြစ်၏။

သူသည် အိမ်တွင်ရှိသမျှကြိုးတွေကို ဆက်ပြီး နွားကျိုးမ ကို ချည်သည်။ ထို့နောက် အိမ်မှလွှတ်လိုက်၏။ ညနေစောင်းသော အခါ ပျောင်းသည် ကြိုးကို အိပ်ရာထဲမှ ဆွဲယူရာ နွားကျိုးမသည် အိမ်သို့ပြန်လာ၏။

သို့ရာတွင် နွားကျိုးမမှာ ထိန်းကျောင်းမပါသည့်အတွက် စားချင်သည့်နေရာသို့ ဝင်စားသည်။ လုပ်ခင်းဆောင်တာကို ဝင်စားသောအခါ နှစ်ကြိမ်၊ သုံးကြိမ်သာ သည်းခံပြီး မောင်းနှင် သေး၏။ လေးကြိမ်ဖြစ်လာသောအခါ ရိုက်နှက်လွှတ်သည်။ မိုန်း ဖြင့် ထိုးလွှတ်သည်။ ဓားဖြင့်ခုတ်လွှတ်သူက လွှတ်သည်။ သို့ ကြောင့် နွားကျိုးမမှာ ဒဏ်ရာတွေ ဗလပွဖြင့် ဖြစ်နေတော့သည်။

တစ်ခုသော ညနေချမ်းတွင် ပျောင်းသည် ဆန့်နေသော ကြိုးကို ပျင်းရိစွာဆွဲခွေသည်။ ကြိုး၏အဖျားတွင်ရှိသော နွား ကျိုးမသည် အခါတိုင်းကဲ့သို့ အလိုက်သင့် ပါမလာချေ။ ပင်ပန်း ကြီးစွာ အားထုတ်ပြီးဆွဲမှ ပါလာသည်။ ကြိုးဆုံးသောအခါ ပျောင်းမှာ နွားကျိုးမကို မတွေ့ရ။ နွားကျိုးမ၏ အရေခွံသားရေ ချပ်ကြီးကိုသာ တွေ့ရလေသတည်း။

ပျောင်းသည် နွားကျိုးမ၏နို့ရည်ကို အမှီပြုနေခဲ့သည်၊ ယခု ဂ ကျိုးမ မရှိတော့သောအခါ ပျောင်း ထိတ်လန့်တုန်လှုပ် သည်။

“ငါ့နွားကို သတ်တဲ့ကောင်တွေ သူကြီးကိုတိုင်မယ်ကွ”

ပျောင်းသည် သူကြီးအိမ်သို့သွားရန် ထ၏။ နှစ်ပေါင်းများစွာ အပျင်းမွေးပြီး လှဲနေခဲ့သူဖြစ်သဖြင့် အကြောတွေဆိုင်းနေသည်။ ရုတ်တရက် ထ၍မရ။ ထ၍ရပြန်သောအခါ ခြေလှမ်း၍မရသဖြင့် သူကြီးအိမ်သို့ လေးဘက်တွားသွားကာ လာခဲ့ရလေ၏။

လူအများမှာ ပျောင်းအား လမ်းပေါ်တွင်တွေ့သောကြောင့် အံ့ဩနေကြ၏။ သူကြီးမှာလည်း ပျောင်းအား အထူးအဆန်းသဖွယ် ကြည့်နေလေ၏။ သူကြီးသည် ပျောင်း၏တိုင်တောသံကို ကြားနာ ပြီးနောက် ဤသို့အမိန့်ရှိ၏။

“နွားကို ကြိုးအရှည်ကြီးနဲ့ အိမ်ကနေ လွှတ်တဲ့အတွက် ကြိုးနဲ့ငြိပြီးလဲတဲ့ လမ်းသွားလမ်းလာတွေ အများကြီးရှိတယ်၊ သူတို့ကို မင်းလိုက်ပြီးတောင်းပန်ရမယ်၊ ထိန်းကျောင်းသူ မပါတဲ့

အတွက် မင်းနွားဝင်စားလို့ ပျက်ဆီးဆုံးရှုံးရတဲ့ လယ်သမား၊ ယာသမားတွေကိုလည်း အိမ်တိုင်းစေ့ လိုက်ပြီး တောင်းပန်ရမယ်"

"ဒါဖြင့် ကျွန်တော့်နွားကို သတ်စားတဲ့ လူတွေကရောဗျာ ကော"

"ငါနိုင်းတာ ပထမလုပ်ပြီးမှ အဲဒီအမှုကို စီရင်မယ်"

ပျောင်း မငြင်းသာတော့ပါ။ သူကြီး ညွှန်ကြားသည့်အတိုင်း လိုက်လံတောင်းပန်ရန် စီစဉ်သောအခါ သူ့နွားကြီးနှင့်ငြိပြီး မလဲဖူးသူ မရှိချေ။ သူ၏နွားကျိုးမ ဝင်မစားဖူးသော လယ်ယာ ဥယျာဉ်မရှိချေ။ သို့ဖြစ်သဖြင့် ပျောင်းမှာ အိမ်ပေါက်စေ့ဝင်ပြီး တောင်းပန်ရတော့သည်။

အတောင်းပန်ခံရသူများတွင် ဆွေတစ်စ၊ မျိုးတစ်စတော်စပ် သူများ ပါဝင်၏။ ပျောင်း၏မိဘနှင့် ကျေးဇူးမကောင်းသူများလည်း ပါဝင်၏။ သူတို့သည် ပျောင်းကိုမြင်ရသဖြင့် အံ့သြဝမ်းသာနေကြ၏။ ပျောင်းမှာလည်း တစ်ဝိုင်းဝင်၊ တစ်ဝိုင်းထွက်၊ တစ်အိမ်ဆင်း၊ တစ်အိမ်တက် လုပ်ရသဖြင့် အကြောအဆစ်များ စန့်ပြီး သွက်လက် ဖျတ်လတ်လာလေ၏။

ပျောင်းမှာ တစ်ရွာလုံးအား လိုက်လံတောင်းပန်ရရာ သုံးရက်မျှကြာညောင်းသွားသည်။ သို့အတွက် စတုတ္ထမြောက်နေ့သို့ ရောက်မှသာ ပျောင်း၏အမှုကို စစ်ဆေးဖြစ်တော့သည်။

"ပျောင်း၊ မင်းရဲ့နွားကျိုးမကို သတ်စားတဲ့လူတွေက နွားဖိုးလျော်မယ် ပြောတယ်၊ မင်းကြေအေးပြီးမှ ငွေကို လက်ခံမလား"

သူကြီးက စတင်မေးမြန်းသည်။

"ကျွန်တော့်အပြစ်နဲ့ ကျွန်တော်ဖြစ်တာမို့ အလျော်မယူချင်ပါဘူး၊ ဒါပေမဲ့ သူတို့အိမ်တွေကို ကျွန်တော့်ကို တစ်နေ့စီ ခေါ်ပြီး ခိုင်းစေချင်ပါတယ်"

"တစ်သက်လုံး ပျင်းလာတဲ့ကောင်၊ ဘာလုပ်တတ်လို့တုန်း"

"ဖြစ်အောင်လုပ်ပါ့မယ် သူကြီး၊ မလုပ်ရင် ကျွန်တော်ငတ်တော့မှာပါ"

ထိုအခါ အစ်ကိုကြီးနှင့် အစ်ကိုငယ်သည် သူကြီးဘေးသို့ ဘွားခနဲ ရောက်လာကြသည်။ သူတို့သည် အမှုကို နားထောင်ရန် ရောက်လာကြရာက ယခုကဲ့သို့ ပေါ်လာကြခြင်းဖြစ်၏။

"ညီလေး မောင်ထွေး၊ သူများဆီမှာ လုပ်စရာမလိုဘူး၊ မင်းလုပ်ဖို့ မြေတွေ အစ်ကိုပေးမယ်"

မောင်ကြီးက ပြောသည့်နည်းတူ မောင်ငယ်ကလည်း

"ထွန်တုံး၊ ထွန်တံနဲ့ လှည်းနွားလည်း ရစေရမယ်၊ ဘယ်လိုလဲ"

ဟု အားတက်သရောမေးသည်။

"လုပ်မယ် လုပ်မယ်၊ ကျွန်တော် ပျင်းမဟုတ်တော့ဘူး၊ ငထွေးဖြစ်သွားပြီ"

ပျင်းကလည်း ဝမ်းသာအားရ တုံ့ပြန်လိုက်လေ၏။

❑

"ပြောပဲ မပြောချင်ပါဘူး မိန်းမရာ၊
ငါလယ်ထွန်နေတုန်းမှာ စွန်တစ်ကောင် ထိုးဆင်းလာပြီး
နွားမသားအမိနှစ်ကောင်ကို ခြေထောက်တစ်ဖက်
တစ်ကောင်ကုတ်ပြီး သုတ်သွားလို့
စွန်နောက်ကို ပါသွားပါပကော"
"သိသားပဲ၊
နွားသားအမိတော့ တစ်နေ့နေ့
စွန်သုတ်တော့ မှာပဲလို့၊
ကျုပ်ထင်တဲ့အတိုင်း အခုဖြစ်ပြီမဟုတ်လား"

# သိသားပဲနှင့် ထင်သားပဲ

တစ်ခါတုန်းက ရွှေပုံသာကျေးရွာတွင် ကိုသာစိန်နှင့် မပိန်ဟောက်အမည်ရှိသည့် လယ်သမားလင်မယား ရှိခဲ့လေသည်။

ကိုသာစိန်သည် နံနက်မိုးမလင်းမီကပင် လယ်တောသို့ သွားလေ့ရှိသည်။ နိုင်းနွားတစ်ရှဉ်းအပြင် နို့စားနွားမ သားအမိကိုလည်း လုပ်ငန်းခွင်သို့ ခေါ်ဆောင်သွားလေ့ရှိသည်။

တစ်နေ့သ၌ ကိုသာစိန်သည် အလုပ်သိမ်းပြီး အိမ်သို့ပြန်အလာတွင် ရသေ့တစ်ပါးကို လမ်းခရီးအကြား၌ တွေ့၏။ ကိုသာစိန်မှာ ရသေ့ကြီးအား လက်အုပ်ချီရင်း တစ်စုံတစ်ရာ လှူဒါန်းလိုစိတ်ပေါ်လာသည်။ အခြားလှူဖွယ်ပစ္စည်းလည်း မပါသဖြင့် မီးမညှိရသေးသော ဆေးလိပ်တစ်လိပ်ကို လှူဒါန်းလိုက်လေ၏။

အိမ်သို့ ရောက်လျှင်ရောက်ချင်း ကိုသာစိန်သည် မပိန်ဟောက်အား ထိုအကြောင်းကို ဝမ်းသာအားရ ပြောပြသည်။

"ရသေ့ကြီးက လိုအပ်သောဆု မြတ်သောဆုနဲ့ တစ်လုံး

တစ်ဝတည်း ပြည့်စုံပါစေလို့ ဆုပေးသွားတယ်”

ထိုအခါ မပိန်ကောက်က

“သိသားပဲ၊ ကျုပ်ထင်ရင် မလွဲဘူး”ဟု ပြော၏။

“ဘာ မလွဲတာတုန်း”ဟု ကိုသာစိန်က ပြန်မေး၏။

“တော် လယ်တောက အပြန်မှာ ရသေ့ကြီးတစ်ပါးနဲ့ လမ်းမှာတွေ့ရင် ဆေးလိပ်ရှူလိမ့်မယ်။ ရသေ့ကြီးက ဆုပေးသွား လိမ့်မယ်လို့ ကျုပ်ထင်သားပဲ”

ကိုသာစိန် သည် လင်မယား ညားခါစ အမှတ်မဲ့ နေခဲ့မိ၏။ ယခုသော်ကား သေချာစွာ စဉ်းစားမိပြီ။ သူ့ဇနီး မပိန်ပောက် သည် အရာရာတွင် သိသားပဲ။ ကျုပ်ထင်ရင် မလွဲဘူးဟူသော စကားကို ရေလဲဖြင့်သုံးကာ အနိုင်ယူနေပါတကားဟု သဘော ပေါက်လာသည်။ သို့လျှင် စဉ်းစားရင်း ထမင်းစားရင်းက ဟင်း ခပ်သော ကြွေဇွန်းလွတ်ကျပြီး ကျိုးသွားသည်။

“ကျုပ်သိသားပဲ၊ တော်ခပ်နေပုံနဲ့တော့ ဒီဇွန်း ကျိုးတော့မှာ ပဲလို့”

“သိရင် သတိပေးပါတော့လားကွာ၊ ကြိုတင် သတိပေးရင် မကျိုးအောင် မဆင်ခြင်ရဘူးလား”

“ထင်သားပဲ၊ ကျုပ် ဒီလိုပြောရင် ကျုပ်အဆိုခံရတော့မှာပဲ ဆိုတာ”

ကိုသာစိန် များစွာစိတ်ညစ်သွားသည်။ မပိန်ပောက်သည် “ထင်သားပဲ”ကို လက်သုံးပြုနေသူပါတကား။

နောက်တစ်နေ့တွင် ကိုသာစိန် လယ်တောမှအပြန်တွင်လည်း အိမ်နီးချင်းများက တိုင်တန်းကြသည်။

"နွှင်းမှုန့် တစ်ခါခပ်ချေးပါ ပြောမိပါတယ်တော်၊ တော်လာပြီး ချေးလိမ့်မယ်လို့ ထင်သားပဲ ပြောတယ်တော်"

"ကျွန်တော့်မှာလဲဗျာ ခင်ဗျားတို့ အိမ်ရှေ့ရောက်တော့မှ လှည်းစည်းကုံး ပြတ်သဗျာ၊ အရေးထဲမှာ ခင်ဗျားမိန်းမက ထွက်လာပြီး အိမ်ရှေ့မှာလာပြီး လှည်းစည်းကုံး ပြတ်တော့မှာပဲလို့ ထင်သားပဲတဲ့ဗျာ၊ ခက်လိုက်တာ"

ထို့ကြောင့် ကိုသာစိန်သည် သူအမှတ်မဲ့နေခဲ့သော မပိန်ဟောက်၏ "ထင်သားပဲ"ကို ချုတ်ရန် စိတ်ကူးလိုက်တော့သည်။ ထို့ကြောင့် လယ်တောမှအပြန်တွင် နို့စားနွားမ သားအမိကို အခြားအိမ်တစ်အိမ်တွင် ထားပစ်ခဲ့သည်။

ထို့နောက် အိမ်သို့ ခိုင်းနွားနှစ်ကောင်နှင့် ပြန်လာသည်။ မပိန်ဟောက်က ထမင်းချက်ရာမှ ထလာပြီးမေး၏။

"နွားမ သားအမိကော"

"ပြောပဲ မပြောချင်ပါဘူး မိန်းမရာ၊ ငါလယ်ထွန်နေတုန်းမှာ စွန်တစ်ကောင် ထိုးဆင်းလာပြီး နွားမသားအမိနှစ်ကောင်ကို ခြေထောက်တစ်ဖက် တစ်ကောင်ကုတ်ပြီး သုတ်သွားလို့ စွန်နောက်ကို ပါသွားပါပကော"

"သိသားပဲ၊ နွားသားအမိတော့ တစ်နေ့နေ့ စွန်သုတ်တော့မှာပဲလို့၊ ကျုပ်ထင်တဲ့အတိုင်း အခုဖြစ်ပြီမဟုတ်လား"


ကိုသာစိန့်၏အကွက် ဝင်လာပြီ။

"ဟင် အမိုက်မ၊ နွားသားအမိ နှမ်ကောင်လုံး မဆိုထားနဲ့၊ တစ်ကောင်ကိုတောင် ရှန်ချီလို့ မဖြစ်နိုင်တာကို ဘာသိတာလဲ၊ ဘာထင်တာလဲ၊ သိဦးဟာ သိဦးဟာ၊ ထင်လိုက်ဦး ထင်လိုက်ဦး"

ကိုသာစိန်သည် အသင့်ကိုင်ထားသော နတံ(နှင်တံ)ဖြင့် လှိမ့်ကာ လှိမ့်ကာ ရိုက်တော့သည်။ ထိုအခါ လက်တကာကာဖြင့် ငိုယိုရင်းက မပိန်ဟောက် ပြောလိုက်ပုံမှာ

"သိသားပဲ၊ ကျွန်မကို ရိုက်ချင်လို့ နွားသားအမိ စွန်ချီသွားပြီလို့ မဖြစ်နိုင်တာကို ပြောတယ်ဆိုတာ သိပါတယ်တော့"

**ဟူ၍ ဖြစ်လေသတည်း။**



အကြောက်လွန်းသွားသော နပန်းသမား

"ဟော့ ဘယ်သူလဲကွ"

"ငါပဲကွ၊ နပန်းသမားတစ္ဆေလေ"

လူအချို့သည် တစ္ဆေကို

မမြင်ဘူးပဲနှင့် ကြောက်ကြ၏။

ထွန်းစံသော်ကား ကြောက်တတ်သူမဟုတ်။

ထရပ်သည်။

"နပန်းသမားတစ္ဆေ ဟုတ်လား။

ငါနဲ့ တစ်ပွဲတစ်လမ်း နွှဲမလား"

## အကြောက်လွန်သွားသော နပန်းသမား

ကြံ့လဟာရွာသား ထွန်းဖံသည် ကစော်သမားဖြစ်၏။ တစ်နေ့တာ ပင်ပန်းကြီးစွာ လုပ်ကိုင်၍ရသော အခကြေးငွေမှာ ကစော်ဖိုးဖြင့် ကုန်လေ့ရှိ၏။ ကစော်ချည်းသောက်နေသောကြောင့် နေစရာ မရှိချေ။ စားစရာနှင့် ဝတ်စရာကို ကြံ့ရာအလုပ်ရှင်က ကျွေးသော၊ ပေးသောကြောင့် အသက်ရှင်နေခြင်းဖြစ်၏။

ယနေ့လည်း သူသည် ဗွက်ကြီးရွာမှ ထုံးစံအတိုင်း ညဥ့်နက်မှ ပြန်လာ၏။ ထုံးစံအတိုင်း လှည်းလမ်းကြောင်းတစ်ခုလုံး သူတစ်ယောက်တည်းဖြင့် ပြည့်နေ၏။ ရွာသို့ရောက်ရန် ခရီးတစ်ဝက်အရောက်၌ ရုတ်တရက် မိုးရွာလာသည်။ ထွန်းဖံသည် သစ်ပင်ရှိရာသို့ ပြေးသည်။ သစ်ပင်အနီးတွင် ဇရပ်တစ်ဆောင် တွေ့ရသည်။ သစ်ပင်အောက်တွင် မနေဘဲ ဝမ်းသာအားရ ဇရပ်ထဲသို့ ပြေးဝင်ခဲ့သည်။

"မိုးရေ ရွာချင်ရွာ မရွာချင်နေ ငါကတော့ အိပ်ပြီဟော့"

လူသူအရှားခိုနည်းသောကြောင့် ဖုန်ထူထပ်၏။ ထွန်းစံသည် ဖုန်ကိုသော်မျှ မလှည့်မကျင်းဘဲ အုပ်ခဲတစ်လုံး ခေါင်းအုံးကာ အိပ်လေတော့၏။ သို့သော် လက်ခမောင်းခတ်သံ တဖျောင်းဖျောင်းကြောင့် အိပ်၍မရ။

"ဟော့ ဘယ်သူလဲကွ"

"ငါပဲကွ၊ နပန်းသမားတစ္ဆေလေ"

လူအချို့သည် တစ္ဆေကို မမြင်ဘူးပဲနှင့် ကြောက်ကြ၏။ ထွန်းစံသော်ကား ကြောက်တတ်သူမဟုတ်။ ထရပ်သည်။

"နပန်းသမားတစ္ဆေ ဟုတ်လား၊ ငါနဲ့ တစ်ပွဲတစ်လမ်း နွှဲမလား"

"စိန်လိုက်လေ"

**ထွန်းစံသည် ချက်ချင်း ခါးတောင်းကျိုက်သည်**။ တစ္ဆေနည်းတူ လမ်ခမောင်းခတ်သည်။ မကြာမီ နပန်းပွဲကြီး စတင်တော့သည်။

ထွန်းစံမှာ အသက် နှစ်ဆယ့်ငါး၊ သုံးဆယ်ရွယ်ဖြစ်ရာ ကျန်းမာသန်စွမ်း၏။ ဤကျန်းမာသန်စွမ်းသူက တစ္ဆေနပန်းသမားကို မနိုင်။ သူကချည်း အောက်က ရောက်နေသည်။ အမောဖြေလိုက်၊ ထပြီး နပန်းသတ်လိုက်လုပ်ကြရာ၊ ထွန်းစံက တစ္ဆေကို မိရာဆွဲ၊ ရရာကုတ်လုပ်တော့သည်။

တစ်ချိတွင် ထွန်းစံသည် တစ္ဆေ၏ခေါင်းကို ဖမ်းကိုင်မိ

သည်။ လက်နှမ်းဖက်ဖြင့် ဆွဲခိုမ်သည်။ နဖူးကို နူးဖြင့်ပိုက်သည်။ တစ္ဆေ ရှန်းထွက်သွားသော်လည်း လက်ဖဝါးတွင် ပျော့စိစိနှင့် တစ်စုံတစ်ရာ ကျန်ခဲ့သည်။

ဘယ်လိုမျှ နိုင်အောင်သတ်၍ မရခဲ့သော တစ္ဆေသည် ချက် ။ အားပြတ်ကာ ပုံလဲသွားတော့သည်။

"ကြောက်ပါပြီ၊ ရှုံးနိုးပါတယ် ပြန်ပေးပါ"

"ဘာကိုပြန်ပေးရမှာလဲ"

"ခင်ဗျားလက်ထဲက ဥစ္စာကို 'တစ္ဆေဦးထုပ်" ခေါ်ပါတယ်၊ ကျုပ်တို့မှာ အဲဒါမရှိရင် ဘာအစွမ်းသတ္တိမျှ မရှိတော့ပါဘူး"

ထွန်းဖေ ဝမ်းသာအားရ ရယ်မောသည်။

"လက်စသတ်တော့ ဒီဇရပ်မှာ ဘယ်သူမျှ မနေနိုင်တာဟာ လာသမျှလူတွေကို မင်းဆီးဆီးပြီး နပန်းသတ်နေလို့ကိုး"

ထွန်းဖေသည် ခါးပိုက်ထောင့်ထဲမှ မီးခြစ်ကိုထုတ်ခြစ်သည်။ မီးတောက်ရလျှင် တစ္ဆေဦးထုပ်ကို မီးရှို့ပစ်လိုက်လေ၏။ တစ္ဆေမှာ 'ပူလှချည်ရဲ့၊ သေရချည်ရဲ့"ဟု လူးလိမ့်အော်ဟစ်နေသည်။ သို့ရာတွင် အော်သံပျောက်သွားချိန်ဝယ် ကြွက်ဖကြီးဖြစ်သွားတော့သည်။

"အောက်အီးအီးအွတ်"

"ဟန်ကျတာပဲ ဟန်ကျတာပဲ"

ကဖော်သမားသည် ဝမ်းသာအားရဖြင့် ကြွက်ကြီးကို ဖမ်းသည်။ ချက်ချင်းပင် ကြုံလဟာရွာသို့ ပြေးလာသည်။ ည

တွင်းချင်းပင် ကြက်ဝါသနာအိုးတစ်ဦးထံသို့ ရောင်းစားလိုက်လေတော့သည်။

ကြက်ကြီးမှာ 'အသံပုဆိန်ပေါက်၊ အမြီးတံစဉ်ကောက်၊ နှုတ်သီးရေတံလျှောက်'ဟူသော ကြက်ကောင်းအင်္ဂါနှင့်လည်း ညီညွတ်သည်။ ကြက်ဝါသနာအိုးသည် တခြားဝါသနာအိုးများ၏ ကြက်များနှင့် သူ့ကြက်ကြီးကို စမ်းသပ်တိုက်ကြည့်သည်။ တိုက်သောပွဲတိုင်းတွင် တစ္ဆေကြက်ကြီးကချည်း နိုင်သည်။

ကြက်ချင်း 'ခွပ်လက်' ပြသောအခါ တစ္ဆေကြက်လည်း တိရစ္ဆာန်ကြက်ကဲ့သို့ပင် မောပန်းသည်။ ကြက်ဆွဲများက ရေပေးရ၊ အချွဲချရသည်။ တစ်နေ့တွင် ကြက်ဆွဲတစ်ယောက်သည် တစ္ဆေကြက်ကို ကုပေးနေစဉ် ခေါင်းပေါ်၌ အဖတ်ကလေးတစ်ဖတ်တွေ့သည်။

"ဘာကြီးက လာရှုပ်နေပါလိမ့်"

အဖတ်ကလေးကို ဆွဲခွာလိုက်ရာ ကြက်ဆွဲ၏လက်ထဲမှ ကြက်သည် လုံးဝ ပျောက်ကွယ်သွားလေတော့၏။

ကြက်ဝါသနာအိုးမှာ ခြေစွမ်းထက်၍ အလားအလာရှိသော သူ့ကြက်ကြီးကို နှမြောတသ၍ မဆုံးပေ။ ထို့ကြောင့် ထွန်းခဲ့ကို လိုက်လံရှာဖွေရာ သုံးလေးရက်ကြာမှ ရှာ၍တွေ့တော့သည်။

"ထွန်းခဲ့ရေ၊ မင်းရောင်းသွားတဲ့ကြက်ကြီး ကောင်းမှကောင်းကွာ၊ ဒါပေမဲ့ ဒူးကြားညှပ်ပြီး ရေပေးနေတုန်း ပျောက်သွားတယ်"

"မပူနဲ့ မပူနဲ့၊ မကြာခင် ပြန်ရစေမယ်"

ထွန်းဖံသည် ဖုတ်ဖက်ခါထ၏။ ကြုလပာနှင့် ဗွက်ကြီး ရွာကြားရှိ ဇရပ်ကြီးသို့ လာခဲ့သည်။ လက်ခမောင်းခတ်သံ တဖျောင်းဖျောင်းကြားရသည်။

"ပြန်ရောက်နေမှကိုး"

ထွန်းဖံ ဝမ်းပမ်းတသာ ရေရွှတ်လျက် ဇရပ်ပေါ်သို့ တက်လာ၏။

"သူငယ်ချင်းရေ နေကောင်းတယ်နော်၊ နပန်းတစ်ပွဲ ဆက်နွှဲကြစို့လား"

တစ္ဆေသည် ထွန်းဖံအနားသို့ကပ်လာ၏။ ထွန်းဖံ၏ မျက်နှာကို သေချာစွာ ငုံကြည့်သည်။


"ဟင် ခင်ဗျား၊ ခင်ဗျား လာပြန်ပြီလား၊ ကြောက်တယ် ကြောက်တယ်"

တစ္ဆေသည် ငယ်သံပါအောင်အော်လျက် ဇရပ်ပေါ်မှ ခုန်ချပြေးလေတော့၏။ ထိုအချိန်မှစ၍ ထိုဇရပ်ပေါ်မှ လက်ခမောင်းခတ်သံကို ခရီးသွားများ မကြားရတော့ပါ။ အေးချမ်းစွာ တည်းခို နားနေနိုင်ကြပါပြီ။

မြန်မာ့ရိုးရာတွင် စတုလောကပါလ သိကြားအစရှိသော သမ္မာဒေဝနတ်များကို ယုံကြည်ကြသည်။ ထိုနည်းတူပင် သူရဲ၊ တစ္ဆေ၊ ကျုတ်၊ မှင်စာ၊ ဖုတ်၊ သဲဘက်ဟူသည့် အပါယ်လေးဘုံ သား ပြိတ္တာများကို ယုံကြည်ကြသည်။

မည်သို့ပင်ဖြစ်စေ သူတို့သည် မကြောက်ရွံ့သော လူသားများကိုကား မခြောက်လှန့်ရဲကြ။ ထို့အပြင် သူတို့ကပင် ပြန်လည် ကြောက်ရွံ့ကြသေးသည်ကို ဤပုံပြင်က သက်သေခံနေပေသည်။

❑



ရယ်စရာပြောသော အဲ့ဝတ်

"ယူဇနာပေါင်း ရှစ်သောင်းလေးဓိထောင်
အမြင့်ဆောင်တဲ့ မြင်းမိုရ်တောင်ထိပ်ကို
မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ
သာဝတ္ထိပြည်ကနေ နှစ်လှမ်းသုံးဖဝါးနဲ့
ကြွတော်မူတာ ဘယ်လိုကြွပါလိမ့်
စဉ်းစားယူရတယ်ဗျ"

## ရယ်စရာပြောသော အမတ်

အမရပူရ နေပြည်တော်ကြီးတွင် ပဒုံမင်းတရား နန်းစံတော်မူစဉ်က ဖြစ်ပေသည်။ ထိုဘုရင်မင်းမြတ်တွင် ငယ်ကျွန်တော်ဝန်ကြီးတစ်ပါးရှိ၏။ ငယ်ကျွန်တော်ဆိုသည်မှာ မင်းတရားကြီးပြည့်ရှင်မင်းမဖြစ်မီ မင်းသားဘဝဖြင့် သိမ်သိမ်ငယ်ငယ်နေရစဉ်ကတည်းက လာရောက် အမှုထမ်းနေခဲ့သူဖြစ်ပေ၏။

ပဒုံမင်းသားတွင် ငယ်ကျွန်တော်သုံးယောက်ရှိ၏။ ကျော်ရွှေ၊ မြတ်ထင်နှင့် ပေါ်ဦးတို့ဖြစ်၏။

ကျော်ရွှေသည် လှေထိုးသားလုပ်ပြီး ရသော အခကြေးငွေကို ပေးခြင်းဖြင့် မင်းသားအား လုပ်ကျွေး၏။ မြတ်ထင်မှာ မန္တကျည်းရွက် ခူးရောင်းသည်၊ ထင်းခွေရောင်းသည်။ ရသောငွေပေးအပ်ခြင်းဖြင့် လုပ်ကျွေးသည်။ ပေါ်ဦးမှာမူ အိမ်တွင်နေကာတောက်တိုမယ်ရ ဆောင်ရွက်ရင်း မင်းသားမေးသမျှ လောကီလောကုတ္တရာ အကြောင်းများကို လျှောက်ထားရသည်။

ပန်းမင်းသား အလွှတ်အထိပ်သို့ ရောက်သောအခါ ဘိုးတော်မင်းတရားဟူ၍ ထင်ရှားတော်မူသည်။ ငယ်ကျွန်တော်သုံးယောက်အနက် နှစ်ယောက်မှာ တာဝန်အသီးသီးဖြင့် ချီးမြှင့်ခံရသည်။ ပေါဦးမှာမူ အမတ်ကြီး ဦးပေါ်ဦး အမည်ဖြင့် ထင်ရှားကျော်ကြားကာ အပါး၌ ခစားရသည်။

ဦးပေါ်ဦးသည် ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ ပျော်ရွှင်ရယ်မောစေရန် ရယ်စရာများ ကြံဖန်တင်လျှောက်သဖြင့် 'ပျော်တော်ဝန်ပေါ်ဦး' ဟု အခေါ်ခံရ၏။ ရှင်ဘုရင်အား ရယ်စရာမပြောဝံ့ကြပေ။ ရှင်ဘုရင်ရှေ့မှာ ပြုံးသော်မျှ မပြုံးရဲကြပေ။ သို့ပါလျက်နှင့် ရယ်စရာပြောဝံ့ခြင်းမှာ အိမ်တော်ပါ ငယ်ကျွန်မို့ဖြစ်ပေသည်။

ဘုရင်မင်းမြတ်ကလည်း မခိုးမခန့် ရယ်မောစရာတွေ ပြောရပါမည်လားဟု အမျက်မထားပေ။

တစ်နေ့သောအခါတွင် ဘိုးတော်မင်းတရားသည် မှူးမတ်စုံညီစွာဖြင့် မြေယာကိစ္စများကို ဆွေးနွေးတော်မူသည်။ ဆွေးနွေးသူများထဲတွင် ဝန်ကြီးများ၊ အတွင်းဝန်များနှင့် ဝန်ထောက်များအပြင် ဦးပေါ်ဦး လည်း ပါဝင်၏။

ဝန်ထောက်ဆိုသည်မှာ ဝန်ကြီး၏ တာဝန်များကို ခွဲဝေထမ်းဆောင်ခြင်းဖြင့် ဝန်ကြီးအား ထောက်ပံ့ပေးရသူဖြစ်သည်။

ထိုညီလာခံတွင် ဘုရင်မင်းမြတ်နှင့် မှူးမတ်များ သဘောမညီကြချေ။ ဝန်ကြီးများကလည်း ဘုရင်မင်းမြတ်၏ သဘောဆန္ဒ

ကို မလိုက်လျောကြချေ။ ဘုရင်မင်းမြတ်ကလည်း အကြောင်း အမျိုးမျိုးပြကာ သူ့ဘက်သို့ပါအောင် ဆွဲဆောင်သည်။ ဝန်ကြီး များဘက်မှ ဝန်ထောက်များသာမက အတွင်းဝန်များပါ ပါလာ သောအခါ ဘုရင်မင်းမြတ် စိတ်ဆိုးတော့သည်။

"သယ် ဒါလောက် ငါ့အကျိုးသင့်၊ အကြောင်းသင့် ရှင်း ပြနေပါလျက်နဲ့ နင်တို့ ဒါလောက် ခေါင်းမာရသလား သေပေ တော့"

ဘုရင်မင်းမြတ်သည် နီးရာလှံတစ်ချောင်းကို လှမ်းဆွဲကာ ထရပ်၏။ ဝန်ကြီး၊ ဝန်ထောက်၊ အတွင်းဝန်တွေ ဝရုန်းသုန်းကား ထပြေးကြသည်။ ၎င်းအထဲတွင် ဦးပေါ်ဦး လည်း ပါသည်။

ဘုရင်က လိုက် ဝန်တွေက ကွေ့ပတ် ရှောင်ပုန်းရင်း ပြေး ကြရာ အချိန်အတန်ကြာသွားသည်။ ဘုရင်မင်းမြတ်လည်း တစ် ယောက်မျှ မမိသောကြောင့် လှံဖြင့် မထိုးလိုက်ရဘဲ အမောသာ အဖတ်တင်သည်။ မောသောကြောင့် လှေကားဦးတွင် ထိုင်ပြီး နားနေတော်မူသည်။

လှေကားအကွယ်တွင် ဦးပေါ်ဦးနှင့် ဝန်ကြီးအချို့ ပုန်းကွယ် နေကြသည်။ ဦးပေါ်ဦးသည် သူ့သခင်အား ချောင်းကြည့်သည်။ ဒေါသပြေနေသည်ကို မြင်ရသဖြင့် မတိုးမကျယ် အသံပြုသည်။

"ဝန်မင်းတို့ ဝန်မင်းတို့"

"ဗျ ဗျ အမတ်ကြီးများ"

ဝန်ကြီးတွေက မတိုးမကျယ် အသံပြုသဖြင့် ဦးပေါ်ဦးက

ဆက်ပြော၏။

"ယူနေခဲ့ပေါင်း ရှစ်သောင်းလေးထောင် အမြင့်ဆောင်တဲ့ မြင်းမိုရ်တောင်ထိပ်ကို မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီးဟာ သာဝတ္ထိပြည်ကနေ နှစ်လှမ်းသုံးဖဝါးနဲ့ ကြွတော်မူတာ ဘယ်လိုကြွပါလိမ့် စဉ်းစားယူရတယ်ဗျ"

"ဟုတ်ကဲ့ဗျား၊ ဟုတ်ကဲ့ အနို့"

"ကနေ့မှ အဲဒါကို သဘောပေါက်တယ်ဗျို့၊ အတွင်းတော်က ဟောဒီလေ့ကားဦးကို ကျုပ်ဖြင့် တစ်လှမ်းမျှ မလှမ်းမိဘူး"

ဘုရင်မင်းမြတ်သည် အမှန်ပင် အမျက်တော် ပြေပြီဖြစ်သဖြင့် 'ပေါ်ဦးလားဟဲ့' လှမ်းမေးလိုက်ရာ ဦးပေါ်ဦး သည် ပုန်းကွယ်နေရာမှ လက်အုပ်ချီလျက် ထွက်သွား၏။ သို့ရာတွင် မျက်စိကို မှိတ်ထား၏။

"ဟဲ့ ပေါ်ဦး"

"ဘုရား"

"ဘာဖြစ်နေတာတုန်းဟဲ့"

"ဘာပြုလို့တုန်း ဘုရား၊ ကျွန်တော်မျိုး ဘာမျှ မဖြစ်ပါကလား"

"ဘာမျှမဖြစ်ရင် ဘာပြုလို့ မျက်စိမှိတ်ထားရသတုန်း"

"ဗေဒင်ဆရာက ဟောထားတယ် ဘုရား"

"ဘယ်လိုဟောသတုန်း ဟဲ့"

"သံနဲ့စ အပ်နဲ့တောင် မတည့်ဘူးတဲ့ ဘုရား၊ အဲဒါကြောင့်

ကိုယ်တော့်လက်ထဲက လုံ့ကို မကြည့်ရဲတဲ့အတွက် မျက်စိမှိတ်ထားတာပါ ဘုရား"

"တယ် ဒီကောင် ကြံကြံဖန်ဖန် တင်တတ်ပလေ"

ဘုရင်မင်းမြတ် ရယ်ရယ်မောမော ကြွသွားတော်မူမှ ဝန်ကြီးများလည်း ပုန်းကွယ်ရာမှ ထွက်လာရဲကြပေ၏။

❑

"မင်းတို့ ဘယ်သူတွေလဲ"

"ကျွန်တော် ငမွေးထူပါ"

"ကျွန်တော်က ငထိပ်ပြောင်ပါ"

"ကျွန်တော့်နာမည် ပြောလို့ခေါ်ပါတယ်"

"ကျွန်တော်ကတော့ ငပိန်ရှည်ပါ ခင်ဗျား၊

ကျွန်တော်တို့ကို မစားပါနဲ့ခင်ဗျား"

## ငမွဲးထူကို စားပစ်မည်

တစ်ရံရောအခါက ရွာတစ်ရွာတွင် ဘိန်းစားတစ်ယောက်ရှိခဲ့လေသည်။ သူသည် ဘိန်းငွေ့ကို ရှူသောကြောင့် အားအင်ချည့်နဲ့နေသည်။ ပင်ပန်းသော အလုပ်ကိုလည်း မလုပ်နိုင်။ ပညာကလည်း မတတ်သဖြင့် ထမင်းတစ်နပ် စားရန်ပင်လျှင် ခက်ခဲပေသည်။

သို့အတွက် ဘိန်းစားသည် ကာလသားများထံ ချဉ်းကပ်၏။

"အစ်ကိုတို့ရယ်၊ ထမင်းဖိုးလေး တစ်ပဲလောက်ပေးပါ၊ ထမင်းမစားရတာ နှစ်နပ်ရှိသွားပါပြီ"

"သွားစမ်းပါ၊ ဘိန်းစားဆိုတာ အမှိုက်ပဲ"

သို့ရာတွင် နောက်ပြောင်တတ်သော ကာလသားတစ်ယောက်ကမူ ခင်မင်ရင်းနှီးစွာဖြင့် ပြော၏။

"သူငယ်ချင်းတောင်းတဲ့ တစ်ပဲမကတန်တဲ့ အစာတွေ

စားရစေမယ်၊ ဒါပေမဲ့ ရွာအပြင်က ဇရပ်ထဲမှာ"

ထိုဇရပ်မှာ တစ္ဆေခြောက်သည်ဟု နာမည်ကြီး၏။ နေ့ခင်း နေ့လယ်မှာပင် တစ်ယောက်တည်း သွားဝံ့သူမရှိ။ ဘိန်းစားကား တစ္ဆေကို ကြောက်မနေနိုင်။ စားရရန်သာ အရေးကြီးသဖြင့် သဘောတူလိုက်သည်။ သို့ရာတွင် ကာလသားက ကတိတောင်း ၏။

"ဘာပဲဖြစ်ဖြစ် ဇရပ်ပေါ်မှာ ညလုံးပေါက်နေရမယ်၊ မနေ နိုင်ရင် ကုန်ကျစရိတ်ကို ဖြစ်တဲ့နည်းနဲ့ လျော်ရမယ်"

ဤသို့ဖြင့် နေဝင်ချိန်တွင် ဇရပ်ပေါ်သို့ ဘိန်းစားနှင့် ကာလသားများ ရောက်လာကြသည်။ ကာလသားများက မုန့် ဆီကြော်နှင့် ကောက်ညှင်းကျည်တောက်၊ ကြက်ဥပြုတ်၊ ပုစွန်ကင် တို့ကို ချပေးခဲ့ကာ ထွက်ခွာသွားကြလေ၏။

ဘိန်းစားကား သာမန်ပျင်းရိသူထက် ပိုပြီးပျင်းရိ၏။ ထို အတွက် သူသည် အစာမစားသေးဘဲ ငိုက်မျည်းနေစဉ်တွင် တစ္ဆေ လေးကောင်သည် ဇရပ်ပေါ်သို့ တက်လာကြသည်။

ဘိန်းစားသည် ငိုက်မျည်းနေရင် ပုစွန်ကင်ကို ကောက် ယူကြည့်၏။ ပုစွန်တွင် နှုတ်ခမ်းမွေးတွေ ရှိသောကြောင့် ဘိန်း စားက နာမည်ပေးလိုက်၏။ ငမွေးထူ။

"ငမွေးထူကို နောက်ဆုံးမှ စားရမယ်"

ပြောပြောဆိုဆို ပုစွန်ကင်ကို ဘေးဖယ်ထားလိုက်ပြီ ကြက်ဥပြုတ်ကို ကောက်ကိုင်၏။

"အင်း တတိယစားရမှာကတော့ ဒီငထိပ်ပြောင်ပဲ"

ကြက်ဥပြုတ်ကို ပုစွန်ကင်ဘေးတွင် ချထားသည်။

"အဲ ဒုတိယစားရမှာက ပြေား"

ဘိန်းစားသည် မုန့်ဆီကြော်ကို ကြက်ဥပြုတ်ဘေးတွင် ချထားပြန်သည်။ ထို့နောက် ကောက်ညှင်းကျည်တောက်ကို ကောက်ယူသည်။

"အေး လောလောဆယ် စားရမှာကတော့ ငပိန်ရှည်ပဲ"

"အရှင် ချမ်းသာပေးတော်မူပါ၊ ကျွန်တော်တို့ကို မစားပါနဲ့"

တစ္ဆေလေးကောင်သည် မှောင်ထဲမှ ပြေးထွက်လာသည်။ ဘိန်းစားရှေ့တွင် ဒူးထောက်လျက်ထိုင်ကာ တောင်းပန်ကြသည်။ ဘိန်းစားမှာ ပျင်းပင်ပျင်းရိသော်လည်း "ဟန်ကိုယ့်ဖို့" ဟူသည်ကိုကား နားလည်သဖြင့် ဝေါက်ငမ်းပြီးမေးသည်။

"မင်းတို့ ဘယ်သူတွေလဲ"

"ကျွန်တော် ငမွေးထူပါ"

"ကျွန်တော်က ငထိပ်ပြောင်ပါ"

"ကျွန်တော့်နာမည် ပြေားလို့ခေါ်ပါတယ်"

"ကျွန်တော်ကတော့ ငပိန်ရှည်ပါ ခင်ဗျာ၊ ကျွန်တော်တို့ကို မစားပါနဲ့ခင်ဗျား"

ဘိန်းစားသည် တစ္ဆေတွေ မဆင်ခြင် မစဉ်းစားဘဲ ကြောက်ရွံ့နေခြင်းကြောင့် သဘောပေါက်သွားသည်။ ထို့အတွက် အားရ

ပါးရ ရယ်မောသည်။ သူက သူ့အတွေးနှင့် သူရယ်မောခြင်း ဖြစ်သော်လည်း တစ္ဆေတွေမှာ ပိုပြီး ကြောက်ရွံ့လာသည်။

"မစားလို့ မဖြစ်ဘူးဟေ့၊ ငါ ဆာလှပြီ"

"တောင်းပန်ပါတယ် အရှင်၊ ကျွန်တော်တို့ကို ချမ်းသာ ပေးရင် ရွှေတွေအပြည့်ပါတဲ့ အိုးလေးလုံး ပေးပါ့မယ်"၊

"နည်းတယ် မရဘူး"

"ဒါဖြင့် ဒါဖြင့် ခုနစ်လုံးပေးပါ့မယ်"

"ဘယ်မှာတုန်း၊ အခုချက်ချင်း ယူခဲ့"

ဘိန်းစားသည် ရောက်တတ်ရာရာ ရေရွတ်ရင်းဖြင့် ဤသို့လျှင် ရွှေအိုးခုနစ်လုံး ရရှိသွားလေတော့သတည်း။

ဤပုံပြင်ကို သုံးသပ်ကြည့်ပါက ဤသို့တွေ့ရပါမည်။

ဘိန်းစားဟူသည်မှာ ကာယအား၊ ဉာဏအား ဆုံးရှုံးနေသူ ဖြစ်သည်။ သတ္တိ ဗျတ္တိလည်း မရှိတော့ချေ။ ထို့အတွက် ဘိန်းဖိုး ရရာရကြောင်းအတွက် မသမာသောနည်းကို အသုံးပြုရသည်။ သို့တစေ စွန့်စွန့်စားစား ခိုးဝှက်ရဲသော သတ္တိမရှိ။ လုယက် တိုက်ခိုက်ရဲသော အစွမ်းလည်း မရှိ။

ထိုအခါ ဘိန်းစားသည် နောက်ဖေးလမ်းကြားသို့ ခိုးကြောင် ခိုးဝှက် ဝင်သည်။ ပစ္စလက်ခတ် လှမ်းထားသော ထဘီစုတ်ကို ခိုးသည်။ ထိုမျှ အောက်တန်းကျသော ဘိန်းစားကိုပင် ရှိခိုးသော တစ္ဆေသည် ဘိန်းစားအောက် လွန်စွာနိမ့်ကျကြောင်း ထင်ရှား နေပေပြီ။ ထိုကဲ့သို့သော တစ္ဆေသည် လူကောင်းများ ကြောက်ရွံ့

အောင် မည်သို့လျှင် ခြောက်လှန့်နိုင် ဖမ်းစားနိုင်ပါမည်နည်း။

ထိုတစ္ဆေများသည် ဆင်ခြင်တွေးတောတတ်ခြင်းလည်း မရှိသူများဖြစ်သည့်အတွက် ဘိန်းစားအား ရှိခိုးကြခြင်းဖြစ်ရာ သူတို့ကဲ့သို့ မဖြစ်ရအောင် ဆင်ခြင်တွေးတော သုံးသပ်တတ်ရန် အရေးကြီးပေသည်။

❑

"အမောင်နုတ်သားတို့ ပြောတဲ့အထဲမှာ
ဒီနုတ်သမီးကို မရရင် သေရပါလိမ့်မယ်လို့
တစ်လုံးတစ်ပါဒမျှ မပါဘူး။
အေး ငါကတော့
ဒီနုတ်သမီးကိုမှ မရရင် သေမှာမုချပဲ"

## ခဏ္ဍယကညာ ပြဿနာတက်

တစ်ရံရောအခါဝယ် အလွန်ချောမောလှပသော နတ်သမီး တစ်ယောက်သည် နတ်သားလေးတစ်ယောက်၏ ဘုံဗိမာန်လေးခု အကြား၌ ပေါ်ပေါက်လာသဖြင့် နတ်သားတွေ ရန်ဖြစ်ကြလေ၏။

နတ်တို့၏လောကတွင် နတ်သား၊ နတ်သမီးများ ဖြစ်ပေါ် လာရပုံမှာ စည်းကမ်းနည်းလမ်းဖြင့် ဖြစ်၏။ နတ်သားတစ် ယောက်၏ သမီးအဖြစ် သားအဖြစ် ရောက်ရှိလာသော နတ်သည် နတ်သား၏ပေါင်ခွင်၌ ဘွားကနဲ ပေါ်လာသည်။ ပဋိသန္ဓေတည် ခြင်း မွေးဖွားခြင်း မရှိပေ။

နတ်သား၏ခြေရင်း၌ ရှိနိုးလျက် ပေါ်လာသော နတ်သမီး သည် ထိုနတ်သား၏ဇနီးဖြစ်သည်။ နတ်သား၏ခြေရင်း၌ ရှိနိုး လျက် ပေါ်လာသော နတ်သားသည် ထိုနတ်သား၏အခြံအရံ အစေအပါးဖြစ်၏။

ယခု ရောပဲနီနတ်သမီးကား ကိုယ့်ဘုံ ကိုယ့်ဗိမာန်ဖြင့်

သီးသီးသန့်သန့် ပေါ်ပေါက်မလာ။ နတ်သားလေးယောက်၏ ပိုင်နက်နယ်နိမိတ်လေးခုနှင့် မလွတ်မကင်းနေရာတွင် ပေါ်ပေါက်လာသည်။ သို့ရာတွင် ထိုနတ်သမီးမှာ အရောင်အဆင်းကလည်း ခပ်မှုံမှုံ အကျည်းတန်တန်ဆိုလျှင် နတ်သားတွေ မသိလိုက်ဘာသာ နေကြလိမ့်မည်။

ယခု မလွတ်မကင်း ရောက်ရှိလာသော ရောဟိနီနတ်သမီးကား အဆင်းလှ၏။ အရောင်အဝါတောက်ပ၏။ သို့အတွက် နတ်သားတွေ သဘောကျသည်။ ပထမ နတ်သားသည် ဘုံဗိမာန်ပေါ်မှ ပြေးဆင်းလာ၏။

"နှမလေးက နတ်သစ်ထင်တယ်၊ လာ လာ မောင့်ဗိမာန်မှာ စံစားလှည့်ပါ"

ပထမနတ်သားက နှုတ်သွက်လျှာသွက်ဖြင့် ကြိုဆိုဖိတ်ခေါ်သည်။

"ဟော့ ဟော့ ငါ့ဗိမာန်နယ်နိမိတ်ထဲကို ရောက်လာတာ ငါနဲ့သာဆိုင်တယ်"

ဒုတိယနတ်သားကလည်း သူ့ဗိမာန်ပေါ်မှ အပြေးအလွှားဆင်းလာပြီး ရောဟိနီနတ်သမီး သွားမည့်လမ်းကို ပိတ်ထားသည်။

ထိုအခါ ပထမနတ်သားက ဒုတိယနတ်သားအား ပြော၏။

"မင်းဗိမာန် နယ်နိမိတ်နဲ့ မလွတ်သလို ငါ့ဗိမာန်နယ်နိမိတ်ထဲမှာလည်း ရောက်နေတာပါပဲ၊ ဒါကြောင့် ဦးစွာကြိုဆိုတဲ့ ငါ

သာလျှင် ရသင့်တယ်"

ထိုစဉ်တွင် တတိယနတ်သား ရောက်လာ၏။

"ကိုယ်ရောင်ကိုယ်ဝါတောက်ပပြီး နှစ်သက်စရာကောင်းတဲ့ ဒီနတ်သမီးဟာ ငါ့ဘုံငါ့ဗိမာန်နဲ့ မလွတ်ကင်းတဲ့နေရာမှာ ဖြစ်ပေါ်လာတဲ့အတွက် ငါနဲ့လည်း သက်ဆိုင်တယ်၊ အိုကွာ ငါ့ရဲ့ မိဖုရား ဖြစ်သင့်တယ်"

သို့သော် စတုတ္ထနတ်သား ရောက်လာသောအခါ စကားများ... ဂ်စ နတ်သားသုံးယောက်မှာ အကြံရခက်သွားကြလေ၏။ သူတို့ အခက်တွေ့သည့်နည်းတူ ကာယကံရှင် ရောဟိနီနတ်သမီးမှာလည်း ကြံရာမရ ဖြစ်နေတော့၏။

"အရှင်တို့ရဲ့ ပိုင်နက်နယ်နိမိတ်နဲ့ လွတ်တာ မလွတ်တာဟာ ကျွန်တော်မနဲ့ မဆိုင်ဘူး၊ ကံတရားနဲ့သာ ဆိုင်တယ်၊ ကျွန်တော်မကတော့ နတ်သားတစ်ယောက်ယောက်ရဲ့ မိဖုရားပဲ ဖြစ်နိုင်မယ်၊ နတ်သားလေးယောက်ရဲ့ မိဖုရား မဖြစ်ပါရစေနဲ့"

နတ်တို့ဓလေ့ထုံးစံတွင် နတ်သမီးတစ်ယောက်၌ အခြံအရံ ဘဝ်သောင်းရှိသည် ဆိုပါစို့။ တစ်သောင်းလုံးမှာ နတ်သမီးချည်း ဖြစ်သည်။ နတ်သားတစ်ယောက်မျှ မပါပေ။ ထို့အတွက် နတ်သားလေးယောက်ပိုင် မိဖုရားတစ်ပါးမှာ ထုံးစံ မရှိပေ။

ထိုအခါ စတုတ္ထနတ်သားက ပြော၏။

"ဟေ့ ငါဟာ လူ့ဘဝတုန်းက ဒါနသီလကို အနှစ်တစ်ရာ ...ခဲ့သူဖြစ်တဲ့အတွက် မင်းတို့ထက် မြတ်တယ်၊ ဒါကြောင့် ဒီ

နတ်သမီးကို ငါသာလျှင် ရသင့်တယ်”

“ခင်ဗျားမှ ဒါနသီလကို အနှစ်တစ်ရာ ပြုခဲ့တာမဟုတ်ပါဘူးဗျာ”

တတိယနတ်သား စောဒကတက်၍မှ မဆုံးသေး။ ဒုတိယနတ်သားနှင့် ပထမနတ်သားတို့ကလည်း ဒါလောက်ကလေးကောင်းမှုကုသိုလ်ကို ကျုပ်တို့လည်း လုပ်ခဲ့တာပါပဲဗျာဟု ကြေးတိုက်ကြ၏။ စတုတ္ထနတ်သားမှာ ဆက်ပြီး ပြောခွင့်မသာပေ။

“ဟေ့ ပထမနတ်သား၊ မင်းမှာ မိဖုရား ငါးရာရှိတာပဲကွာ၊ ဒီတစ်ယောက်ကို လက်လွှတ်လိုက်ပါလား”

ဒုတိယနတ်သားက အကြံပေးရာ “မင်းလက်လွှတ်ပါလား”ဟု ပထမနတ်သားက ချက်ချင်းတုံ့ပြန်၏။ “ဟုတ်သားပဲ” ဟု သံယောင်လိုက်မည်။ တတိယနတ်သားနှင့် စတုတ္ထနတ်သားတို့မှာ ပါးစပ်ဟရုံသာ ဟာဖြစ်ကြ၏။ အသံထွက်မလာတော့ပေ။

“ဒီလိုလုပ်ကွာ၊ ဘယ်ဘုံဗိမာန်မှာ နတ်သမီး ပျော်သလဲ၊ တစ်လှည့်စီ ခေါ်ထားပြီး သူပျော်တဲ့ဘုံမှာ စံစားပေစေ။ မကောင်းဘူးလား”

“ဒီအကြံ မဆိုးဘူးကွ”

ဒုတိယနတ်သား ပေးသောအကြံကို ကျန်နတ်သားများ သဘောတူကြ၏။ သို့ရာတွင် မည်သည့်နတ်သား၏ ဘုံဗိမာန်တွင် ဦးစွာစံစားခွင့် ပြုမည်နည်းဟူသည့် မေးခွန်းပေါ်လာသောအခါ အဝေမတည့်တော့ပေ။ သူ့နန်းသို့ ဦးစွာခေါ်မည်။ ငါ့ဘုံ

သို့ ပထမလာရမည် ဖြစ်ကုန်သောကြောင့် ထိုအကြံ ပျက်သွားလေ၏။

ထိုအခါ တတိယနတ်သားက အကြံပေးသည်။

"ငါတို့လေးယောက်ထဲက ဘယ်သူမျှ နောက်ဆုတ်ပေးမယ့်သူ မရှိတဲ့အတူတူ သိကြားမင်းကို အဆုံးအဖြတ်ခိုင်းရရင် မကောင်းဘူးလား"

သိကြားမင်းမှာ စတုမဟာရာဇ်နှင့် တာဝတိံသာရှိ နတ်များကို အုပ်ချုပ်သော နတ်ဘုရင်ဖြစ်၏။

"ဒီအကြံကောင်းတယ်ဟေ့"

တတိယနတ်သား၏ အကြံကို ကျန်နတ်သား သုံးယောက်သဘောတူသဖြင့် ရောဟိနီနတ်သမီးကိုပါ ခေါ်ဆောင်ပြီး သိကြားမင်းထံသို့ လာခဲ့ကြ၏။

သိကြားမင်းမှာ နတ်မိဖုရား အခြံအရံ ခြောက်သောင်းရှိသည်။ ထိုခြောက်သောင်းတို့ထက် ပိုမိုလှပယဉ်ကျေးလိမ္မာသော နတ်မိဖုရားကြီးလေးပါးလည်း ရှိသေး၏။ သို့ပါလျက်နှင့် "အမောင်နတ်သားတို့ လာကြလာကြ" ဟု ပါးစပ်ကသာ လောကဝတ်ပြုသည်။ မျက်လုံးများက ရောဟိနီနတ်သမီးထံမှ မခွာ။

"အမောင်နတ်သားတို့ ဘာကိစ္စရှိကြပါလိမ့်"

ရောဟိနီထံမှ မျက်လုံးမခွာဘဲ မေးသည်။

"အဲဒီနတ်သမီးဟာ ကျွန်တော်တို့ လေးယောက်ရဲ့ ပိုင်နက်နယ်နိမိတ်နဲ့ မလွတ်ကင်းတဲ့နေရာမှာ ရောက်နေပါတယ်။ ဒါ

ကြောင့် သူရထိုက် ငါရထိုက် အငြင်းပွားနေတဲ့အတွက် အရှင်သိကြားမင်း ဆုံးဖြတ်ပေးတော်မူပါ။ ဘယ်သူ့ရဲ့မိဖုရား ဖြစ်သင့်ပါသလဲ"

ထိုအခါ သိကြားမင်းက ဟင်းခနဲ သက်ပြင်းချပြီး မေး၏၊

"အမောင်နတ်သားတို့ ဒီလှပချောမောတဲ့ နတ်သမီးကို မြင်ရတဲ့အခါမှာ အမောင်တို့ ဘယ်လိုခံစားကြရသတုန်း"

"အရှင်သိကြားမင်း စစ်မြေပြင်မှာ တီးတဲ့စည်ကြီးလို ကျွန်တော့်ရင်မှာ ခံစားရပါတယ်"

ပထမနတ်သားအပြီးတွင် ဒုတိယနတ်သားက ပြော၏။

"တောင်ထိပ်က စီးကျလာတဲ့ရေတံခွန်လိုပဲ ကျွန်တော့်စိတ်ဟာ မတန့်နိုင် မဆည်နိုင်တော့ပါဘူး အရှင်သိကြားမင်း"

"ကျွန်တော်ကတော့ သူ့ကိုမြင်ကတည်းက ပုစွန်မျက်စိလိုပဲ တဖျပ်ဖျပ်ဖြစ်နေသဗျ"

တတိယနတ်သားနှင့် စတုတ္ထနတ်သားတို့၏ ဖြေသံများအဆုံးတွင် သိကြားမင်းက ဟင်းခနဲ သက်မရှိုက်ပြီး ညည်းတွားပုံမှာ–

"အမောင်နတ်သားတို့ ပြောတဲ့အထဲမှာ ဒီနတ်သမီးကို မရရင် သေရပါလိမ့်မယ်လို့ တစ်လုံးတစ်ပါဒမျှ မပါဘူး၊ အေးငါကတော့ ဒီနတ်သမီးကိုမှ မရရင် သေမှာမုချပဲ"

ဟု ရှုပေတည်း။

နတ်သားလေးယောက်မှာ အထိတ်အလန့် ဖြစ်သွားကြ၏။

"အရှင်သိကြားမင်း အရှင်သေလို့ ဘယ်ဖြစ်မလဲ၊ နတ်သမီးကို အရှင်မင်းကြီးပဲ ယူပါတော့"

နတ်သားများသည် ထိုသို့ ပြိုင်တူပြောအပြီး၌ သိကြားမင်း၏ ဘုံဗိမာန်မှ အတူတကွ ထွက်ခွာလာကြလေသတည်း။

❑

“ငါကပြောတယ်လို့ မပြောနှင့်နော်၊
မင်းဘာသာမင်း ဉာဏ်ကို လှာသုံးပြီး
စုံစမ်းနော်”
“စိတ်ချပါ အဘ၊ ဘာပြုလို့ အခုထက်ထိ
လင်မရတဲ့ အကြောင်းကို ဆက်ပါဦး”
“အစားစုန်းကွ”
“အမယ်လေး အစားစုန်း ဟုတ်လား”

## ဗရွတ်ရွတ်တ လင်မယား

တစ်ရံရောအခါတုန်းက ကျေးရွာတစ်ရွာဝယ် ပျော်တတ်ရွှင်တတ် နောက်တတ် ပြောင်တတ်သော အဘိုးအို လင်မယား ရှိကြလေ၏။ ထိုလင်မယား အိမ်နှင့် မနီးမဝေးတွင် လူပျိုကြီး တစ်ဦး၏ အိမ် ရှိသည်။ ခပ်လှမ်းလှမ်းတွင်ကား အပျိုကြီးတစ်ဦး နေထိုင်မေသည်။

ရွာသူရွာသားများက သည့်အပျိုကြီးနှင့် လူပျိုကြီးကို စကြ နောက်ကြ ပြောင်ကြသည်။ နောက်ပြောင်ဖန်များသောအခါ လူပျိုကြီးနှင့် အပျိုကြီးတို့ ကိမ်းမြား မင်္ဂလာဆောင်နှင်းသည်အထိ အဆင်ပြေသွားကြလေတော့၏။

ကျေးရွာ မင်္ဂလာဆောင် ထုံးစံအတိုင်း ကာလသားများ၊ ကာလသမီးများ ပျော်ရွှင်စွာ လုပ်ကိုင်ဆောင်ရွက်ကြသည်။ တစ်နေ့လုံး တအုန်းအုန်း တရုန်းရုန်း နေခဲ့ရာ ညဦးနက်မှ လူစုကွဲတော့သည်။ ကာလသား၊ ကာလသမီးများ လူစုကွဲသည်နှင့် တစ်ပြိုင်

နက်တည်း ရောက်လာကြသူမှာ အထက်ပါ သက်ကြီးလင်မယား ဖြစ်၏။

အဘွားအိုသည် အဖျိုကြီးကို လက်တို့ကာ အိမ်ခန်းထဲသို့ ခေါ်သွား၏။

"သည်ကောင် သည်အသက်၊ သည်အရွယ်ကျအောင် လူပျို ကြီးဖြစ်နေတာ ဘာပြုလို့တုံး ညည်းသိလား"

ကျကျနန ထိုင်ပြီး အဘွားအိုက အပျိုကြီးအား နှစ်ကိုယ်ကြား ပြော၏။ အပျိုကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။

"ဘာပြုလို့တုံး အဘွားရယ်၊ ကျွန်မ သိပါရစေ"

"ညည်း ဆူဆူညံညံတွေ သွားမလုပ်နှင့်နော်၊ အဘွားကြီး သေခါနီးက သူများ လင်မယားကြားမှာ ကတုံးကတိုက် လုပ်တယ် အပြောခံရဦးမယ်"

"သမီး ဆူဆူညံညံ မလုပ်ဘူး အဘွားရယ်၊ ကတိပေးပါ တယ်"

အဘွားအိုသည် အိမ်ရှေ့သို့ လှည့်ကြည့်ပြီးမှ အသံနိမ့်၍ ပြော၏။

"ညည်းအကောင်မှာ အမြီးပါတယ်အေ့၊ ဒါကြောင့် ကြိုက်မယ့်သူ မရှိဘဲ လူပျိုကြီး ဖြစ်နေတာ"

"အမယ်လေး ဒုက္ခပါပဲ"

အပျိုကြီး ခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားလျှင် အဘွား အိုက ဖျောင်းဖျ စကားဆို၏။

"ဒါပေမယ့်အေ၊ သူ့အမြီးက အရှည်ကြီး မဟုတ်ပါဘူး၊ တစ်ထွာလောက်ပဲ ရှိတာပါ၊ ဒါကြောင့် လူတိုင်း မသိတာပေါ့"

"ကျွန်မ ဘယ်လိုလုပ်ရမတုံး အဘွားရဲ့"

"ဘယ်လိုမှ မလုပ်နှင့်၊ ဘယ်သူမှ သိတာမှ မဟုတ်တာအေ၊ ငါကတော့ ညည်းကြိုကြိုတင်တင် သိပါစေတော့ဆိုတဲ့ စေတနာနှင့် လာပြောတာ"

ဤကဲ့သို့ အခန်းတွင်း၌ တွတ်ထိုးနေချိန်ဝယ် အိမ်ရှေ့တွင်လည်း အဘိုးအိုသည် လူပျိုကြီးအား တီးတိုးပြောလျက် ရှိ၏။

"မင်း စဉ်းစားကြည့်ပေါ့ကွာ၊ မျက်နှာပေါက်ရော၊ ကိုယ်ပေါက်ကိုယ်ရောက်ပါ မည့်တဲ့မိန်းမဟာ ဘာပြုလို့ အခုထက်ထိ လင်မရှိတာတုံး"

"ဟုတ်သဗျ"

လူပျိုကြီးက နုဝဝထိမ်တောင် လုပ်နေရာက ပြော၏။ "အဲဒါ ဘာပြုလို့တုံး" ဟူ၍ မေး၏။

"ငါက ပြောတယ်လို့ မပြောနှင့်နော်၊ မင်းဘာသာမင်း ဉာဏ်ကို လှာသုံးပြီး စုံစမ်းနော်"

"စိတ်ချပါ အဘ၊ ဘာပြုလို့ အခုထက်ထိ လင်မရတဲ့ အကြောင်းကို ဆက်ပါဦး"

"အူစားစုန်းကွ"

"အမယ်လေး အူစားစုန်း ဟုတ်လား"

လူပျိုကြီး အလန့်တကြား ထအော်သဖြင့် အဘိုးအိုက

ပါးစပ်ကို လျင်မြန်စွာ လှမ်းပိတ်ရသည်။

"မင်း တော်တော်ခက်တာပဲ၊ တော်ပြီကွာ မပြောတော့ဘူး"

"ယောင်သွားလို့ပါ အဘရာ၊ နောက်ထပ် သည်လိုမဖြစ်စေရပါဘူး ဆက်ပြောပါဦးခင်ဗျာ"

လူပျိုကြီးက ရှိခိုးဦးတင် တောင်းပန်သည်။

"သည်လိုကွ အစားစုန်းဆိုတာ အိပ်နေတဲ့ လူရဲ့ စအိုထဲကို လက်နှင့်နှိုက်ပြီး အူတွေကိုလက်နှင့် ဆွဲနှုတ်ယူသတဲ့၊ အေး ကြိုကြိုတင်တင် သိထားစေချင်လို့ လာပြီး သတိပေးတာဟေ့၊ ငါက ပြောတယ်တော့ မပြောပါနှင့်"

"စိတ်ချပါ အဘ"

သက်ကြားအိုလင်မယား ပြန်သွားသည်။ ထိုအချိန်မှ စ တင်ပြီး လူပျိုကြီးလင်မယားမှာ တစ်ယောက်ကို တစ်ယောက် မယုံကြည်ကြတော့ပေ။ သို့ရာတွင် ဟန်ဆောင်လျက် တောပြော တောင်ပြော ပြောရင်းဖြင့် အိပ်ရာဝင်ခဲ့ကြသည်။

အိပ်ရာဝင်သော်လည်းအိပ်မပျော်ကြ။ အပျိုကြီးမှာ အကြံရှိသဖြင့်အိပ်မပျော်။ လူပျိုကြီးမှာလည်း ကြောက်ရွံ့သောကြောင့် အိပ်မပျော်။ သို့ရာတွင် ညဉ့်နက်လွန်းမက နက်လာသောအခါ လူပျိုကြီးမှာ မှေးခနဲဖြစ်သွားလေတော့၏။

မှေးခနဲ ဖြစ်သွားလျှင် ခရောခနဲ ဟောက်သံ ပေါ်လာသည်။ ထိုအခါ အပျိုကြီးမှာ သူ့ယောကျ်ားအိပ်မောကျသွားပြီ ထင်ပြီး မြီးညှောင်ရိုးကို လက်ဖြင့် စမ်းကြည့်လေ၏။

လူပျိုကြီးမှာ မှေးခနဲ ဖြစ်သွားပြီး ဖျပ်ခနဲ လန့်နိုးသည်။ သူ လန့်နိုးချိန်တွင် သူ့မယား၏လက်က သူ့ မြီးညောင်ရိုးကို ကိုင်ကြည့်နေပြီ။ မြီးညောင်ရိုးနှင့် စအိုမှာ အိမ်ဦးနှင့် ကြမ်းပြင် မဟုတ်သလော။

"အမယ်လေး စုန်းမကြီးပါဗျ၊ အမယ်လေး လာကြပါဦးဗျ"

မြီးညောင်ရိုးကို လက်ဖြင့် ကိုင်ခြင်းသည် စအိုထဲလက်နှိုက်ကာ အူတွေ နုတ်ယူရန် အစပျိုးခြင်း ဟူသောအထင်ဖြင့် လူပျိုကြီး ထအော်လေ၏။

"လာကြပါဦးဗျို့၊ စုန်းမကြီး ကျုပ်အူတွေကို နုတ်နေပါတယ်"

အိမ်နီးချင်းတွေ အပြေးအလွှား ရောက်လာသည်။ အကျိုးအကြောင်း မေးကြသည်။ လူပျိုကြီးကသာ အူနုတ်ရန် ကြိုးစားခံရပုံကို အော်ဟစ် ရှင်းပြနေသည်။ အပျိုကြီးမှာ မည်သို့မျှ ရှင်းမပြနိုင်ဘဲ ရှက်ရှက်နှင့် မျက်နှာကို လက်ဝါးအုပ်လျက် ငိုနေလေ၏။

ဤသို့ဖြင့် လူပျိုကြီး လင်မယားမှာ စလယ်ဝင် ဖင်မည်းမိက ကွဲသွားကြလေ၏။ ရပ်သူ ရွာသားများမှာ သူတို့ လှော်လှယ်ထားသော လူပျိုကြီး လင်မယား ကွဲရသည်ကို မကျေနပ်။ သို့အတွက် မင်္ဂလာဦးညဉ့် မည်သူတွေလာသနည်း စုံစမ်းကြရာ သက်ကြားလင်မယား လာသွားကြောင်း သိကြရလေ၏။

သို့အတွက် "သည်လင်မယား အင်မတန် စတတ်နောက်

တတ်တာ မသိဘူးလား၊ သူတို့ပြောတာ မယုံပါနှင့်၊ ပြန်ပေါင်းကြပါ ပြောသော်လည်း မရချေ။ ထိုအခါတွင် သက်ကြားလင်မယား အိမ်သို့ အပျိုကြီး လင်မယားကို အပါခေါ်လျက် ရွာသူ ရွာသား များ ရောက်သွားကြလေသည်။

"အဘတို့ကတော့ ပျော်တတ်လို့ ရယ်စရာ ပြောတာပဲ၊ သည်မှာ လင်မယား ကွဲပြီ လုပ်ကြပါဦး"

ကာလသားခေါင်းက ထိုသို့ အစချီကာ ပြောတော့မှ သက်ကြားအိုလင်မယားမှာ လူပျိုကြီး လင်မယား ကွဲနေကြောင်း သိကြသည်။ သိသည့်အလျောက် မိမိတို့ စမိကြောင်း နောက်မိကြောင်း စိတ်မကောင်းစွာဖြင့် ရှင်းပြကြ၏။

"အဘ တကယ် ပြောတာလား၊ မယုံဘူးဗျာ၊ ကျိန်ပြမှ"

လူပျိုကြီးက မယုံကြည်ဟန် ပြောသည်။ အဘိုးအိုမှာ ထုံးစံအတိုင်း "မြွေပွေးကိုက်တွေ မိုးကြိုးပစ်တွေ" မိုးမွန်အောင် ကျိန်ပြရတော့သည်။ လူပျိုကြီး လင်မယား ယုံကြည်သွားပြီး ပြန်ပေါင်းလုပ်သွားကြပြီ။ သို့တစေ အမယ်ကြီး၏ အမောန်အမဲကို အဘိုးအိုခမျာ ခံရလေ၏။ ခံရပုံမှာ—

"သူတစ်ပါးကို စချင် နောက်ချင်တဲ့ အဘိုးကြီး၊ အခုတော့ ကျိန်လိုက်ရတာ တစ်ကိုယ်လုံးမှာ အပ်ချစရာမှ ကျန်သေးရဲ့လား"

ဟူ၍ ပြောလိုက်ခြင်းပေတည်း။

-{ရှုမဝမဂ္ဂဇင်း၊ ဒီဇင်ဘာ=၁၉၅၈}



ကိုတတ်ယောင်ကား

ကိုတတ်ယောင်ကားမှာ လွှကို မမြင်ဖူးရကား
ယင်းလွှဖြင့် သစ်ပင်ကို တိုက်ဖြတ်နေသည် မထင်။
"ငါကလည်း မတရားတာဆို
နည်းနည်းမျှ မကြိုက်ဘူး။
အခုကြည့်စမ်း ခွန်အားနည်းသူနဲ့ ခွန်အားကြီးသူ
ယှဉ်ပြိုင်ပြီး ဟိုဟာကြီးကို လုနေပါကလား။
ငါကူမှ ဖြစ်မယ်"

# ကိုတတ်ယောင်ကား

သူ့အမည်ကို 'ကိုတတ်ယောင်ကား'ဟု ခေါ်ကြသည်။

တတ်ယောင်ကား ဆိုသည်မှာ ဘာတစ်ခုမျှ ဟုတ်တိပတ်တိ မသိဘဲ အရာရာကို သိလေဟန် ဖြီးဖြန်းနေခြင်းကို ဆိုလိုပေသည်။

တစ်နေ့သောအခါတွင် လက်ဖက်ရည်ကြမ်းဝိုင်းတစ်ဝိုင်းသို့ ကိုတတ်ယောင်ကား ရောက်သွား၏။ အေးဆေးစွာ စကားစမြည် ပြောနေသော ဝိုင်းမှာ သူရောက်သည့် ခဏ၌ စိုပြည်သွားတော့သည်။

ကိုတတ်ယောင်ကားသည် စကားစတစ်ခု ပေါ်လာတိုင်း သူ သိကြောင်း၊ တတ်ကြောင်း ပြသရန်အတွက် အဆက်မပြတ် ပြောသည်။ သို့ဖြင့် မန္တလေးနေပြည်တော်အကြောင်းသို့ ရောက်သွားရာ ကိုတတ်ယောင်ကားချည်း ပြောသည်။ မန္တလေး ကျုံးကြီး၊ ဘုရားကြီး၊ ရွှေနန်းတော်၊ တောင်တော် စသည်ဖြင့်။

ဤတွင် အောက်သားတစ်ယောက်က ရိုကျိုးစွာမေး၏။

"ကျွန်တော်ဖျား၊ မန္တလေးရွှေမြို့တော်ကြီး အကြောင်း သိချင်နေတာနဲ့ အတော်ပဲ၊ အဲဒါကြောင့် မန္တလေးမြို့တော်ကြီး ဘယ်လောက်ကျယ်ပြီး ဘယ်နှစ်ခုနှစ်မှာ ဘယ်သူတည်လို့ ဘယ်တော့ပြီးတယ် ဆိုတာလေး"

ကိုတာတ်ယောင်ကား ဆတ်ခနဲ လှည့်ကြည့်သည်။

"ခင်ဗျား တော်တော်ကတ်တဲ့လူပဲ"

အင်ကြင်းကြာအုံလောက်မျှ မကြားဖူးရကား ကိုတတ်ယောင်ကားသည် စိတ်ဆိုးမာန်ဆိုး ထသွားလေ၏။

စင်စစ်အားဖြင့် သူသည် လွတ်ပိုပင် စိုအောင်မြင်မှုးသူ မဟုတ်ပါ။ မလိုတာမာ ချိုးဖဲ့ပြောနေခြင်း မဟုတ်ပါ။ သက်သေသက္ကာရဖြင့် ပြပါမည်။

တစ်နေ့တွင် ကိုတတ်ယောင်ကားသည် ဈေးမှ ပြန်လာ၏။ သူပြန်သောလမ်းတွင် လူနှစ်ယောက်သည် မန်ကျည်းပင် တစ်ပင်ကို လွှဖြင့် တိုက်ဖြတ်နေကြသည်။ လမ်းနှင့် မလွတ်သောကြောင့် ဖယ်ရှားပစ်ရန် လုံးပမ်းနေကြခြင်းလည်း ဖြစ်ပေသည်။ သို့သော် ငါးမန်းစွယ်လွှက တုံးနေသည်။ မန်ကျည်းတုံးပေါ်တွင် လွှရာသော်မျှ မထင်ချင်။

ကိုတတ်ယောင်ကားမှာ ငါးမန်းစွယ်လွှကို မမြင်ဖူးရကား ဘာလုပ်နေကြပါလိမ့်ဟု တွေးတောသည်။ သူတွေးတောသော အခါ လွှဆွဲနေသူ နှစ်ယောက်၏ သွင်ပြင်ကို သတိပြုမိ၏။ တစ်

ယောက်က လေးလုံးခြောက်ဖက်ကြီး။ ကျန်တစ်ယောက်ကား လေလာလျှင် လဲတော့မတတ် ပိန်ညှော်ညှော်ကလေး။

ပင်ပန်းကြီးစွာ ကိုတတ်ယောင်ကား ဆင်ခြင်သုံးသပ်နေသည်ကို ဘိုသူနှစ်ယောက် မသိပါ။ သူတို့အလုပ်ကို အားကြိုးမာန်တက် လုပ်နေကြသည်။ ထိုအခါ ငါးမန်းစွယ်လွှကို ကိုတတ်ယောင်ကား သတိထားမိပြန်၏။ လွှသည် ပိန်သူဘက်သို့ ရှည်ထွက်သွားလိုက်၊ ဝသူဘက်သို့ ရှည်ထွက်သွားလိုက်။

ကိုတတ်ယောင်ကားမှာ လွှကို မမြင်ဖူးရကား ယင်းလွှဖြင့် သစ်ပင်ကို တိုက်ဖြတ်နေသည် မထင်။

"ငါကလည်း မတရားတာဆို နည်းနည်းမျှ မကြိုက်ဘူး၊ အခုကြည့်စမ်း ခွန်အားနည်းသူနဲ့ ခွန်အားကြီးသူ ယှဉ်ပြိုင်ပြီး ဟိုဟာကြီးကို လုနေပါကလား၊ ငါကူမှ ဖြစ်မယ်"

သူသည် လွှဆွဲနေသော လေးလုံးခြောက်ဘက်ကြီးအနားသို့ ပြေးကပ်သွားသည်။ မန်ကျည်းကိုင်းတစ်ကိုင်း ကောက်ယူသည်။ လေးလုံးခြောက်ဖက်၏ ဦးခေါင်းကို သုံးလေးချက် ဆက်ရိုက်သည်။ အရိုက်ခံရသူ ခွေလဲကျသွားလျှင် ကိုတတ်ယောင်ကားက အရေးတကြီး ပြောသည်။

"ပြေး ပြေး အဲဒါကြီးကို ယူပြေး၊ သူ သတိရလာရင် ပြန်လုသွားလို့ မရလိုက်ဘဲ ရှိမယ်"

လူပိန်ညှော်မှာ ရယ်ရမည်လော၊ မဲ့ရမည်လော မသိနိုင်ဘဲ ဖြစ်နေလေ၏။

သူ့အား ကိုတတ်ယောင်ကားဟု အမည်သညာပေးခဲ့သူမှာ အခြားသူမဟုတ်၊ သူ၏မွေးသဖခင် အရင်းခေါက်ခေါက်ကြီးပေတည်း၊ ဖြစ်ပုံမှာ ဤသို့။

ဆင်းရဲနွမ်းပါးသော ကျေးရွာတစ်ရွာမှ ဆွေမျိုးသားချင်းတွေ ကိုတတ်ယောင်ကားတို့ရွာသို့ အလည်အပတ် ရောက်လာသည်။ ဘုရားကျောင်းကန် မရှိသောအရပ်မှ ဆွေမျိုးတွေ ကြည်ညိုသဒ္ဓါပွားကြစေဖို့ ရွာနီးချုပ်စပ်ရှိ ဘုရားများသို့ လိုက်ပို့သည်။

တစ်နေရာအရောက်တွင် ဉာဏ်တော်မြင့်သော စေတီတော်ကြီးတစ်ဆူကို ရွှေရောင်တဝင်းဝင်းဖြင့် ဖူးမြော်ကြရသည်။

"ထီးတော်ကြီးက အတော်ကြီးတာပဲနော် ဘဒွေး"

ညီသည်တစ်ယောက်က မအောင့်အည်းနိုင်ဘဲ တအံ့တသြမေး၏။

"မြေပြင်မှာရှိတုန်းကဆို ထီးတော်ကြီးဟာ ဆိုင်းဝိုင်းထက်တောင် ယောင်ယောင်ကြီးတာကလား"

ကိုတတ်ယောင်ကား၏အဖေက ထီးတင်ပွဲကို မီခဲ့သူပီပီ ရှင်းပြ၏။ ညီသည်က ဆက်မေးပြန်၏။

"ဒါလောက်ကြီးတဲ့ ထီးတော်ကြီးကို ဒါလောက်မြင့်တဲ့နေရာကို ရောက်အောင် ဘယ်လိုများ တင်ကြပါလိမ့်"

ဤအခါတွင် အတူပါလာသော ကိုတတ်ယောင်ကားဝင်ဖြေလိုက်ပုံမှာ–

"ခက်ခက်နိုးနိုးဗျာ၊ စေတီတော်ကြီးကို တုံးလုံးလှဲပြီး

သီးကို စွပ်၊ ပြီးတော့ ပြန်ထောင်လိုက်၊ လွယ်လွယ်ကလေး" ဟူ၍ ဖြစ်ပါပေ၏။

"ငြမ်းဆင်ပြီး စက်သီးကြိုးနဲ့ တစ်ဆင့်ပြီး တစ်ဆင့်တင်တာဟဲ့၊ ဦးတုတ်ယောင်ကားရဲ့"

အဖေသည် ရယ်လည်း ရယ်မော၏။ ရှင်း၍လည်း ပြ၏။ သားဖြစ်သူအား ခြေဖြင့်လည်း လိုက်လံကန်ကြောက်လေ၏။

"ဒေါ်စိန်ပုရဲ့ နွားကြီးလေး၊
ဘဲဥအိုးထဲ ခေါင်းဝင်နေတာ ထုတ်လို့မရဘူး။
ဘယ်လိုလုပ်ရင် ကောင်းမတုံး"
"ဒါလေးများ။ ခက်ခက်နိုးနိုးကွာ၊
နွားရဲ့လည်ကို ဓားနှင့် ဝိုင်းပစ်လိုက်ရင် ပြီးတာများ"
အကြံတောင်းသူသည် ဖတ်သီဖတ်သီဖြင့် ပြန်သွား၏။
သို့သော် တစ်အောင့်မျှအကြာတွင် ထိုသူပင်
တဖုန်းဖုန်းပြေးလွှား ရောက်ရှိလာပြန်သည်။

# လှမ်း၍ပြောလိုက်ပုံမှာ

တစ်ခါတုန်းက ရွာငယ်တစ်ရွာတွင် ကိုညြ့ာဟု အမည် တွင်သော လူတစ်ယောက် ရှိခဲ့သည်။ သူ့အမည်ရင်း မည်သို့ရှိ သည်ကို မသိသော်လည်း ကိုညြ့ာဟု အမည်တွင်နေသည်။

ဆယ့်လေးငါးအိမ်မျှသာရှိသော ရွာငယ်ကလေးမှာ စည်း လုံးသည်။ ညီညွတ်သည်။ သို့ပါသော်လည်း ကိုညြ့ာဝင်ပြီး နှမ်းဖြူးသောအခါ ညြ့ာပေးသောအခါ ရွာသားများမှာ စိတ်မာတ် ကျသွားရသည်။

ရွာသားတွေ အမှိုက်လှည်းနေလျှင် "ကောင်းသဟေ့၊ ချုံ ထဲက အမှိုက်တွေပါ သယ်ထုတ်၊ ညောင်မြစ်ကြားမှာ အမှိုက်တွေ ကျန်မနေပေစေနှင့်" ဩဇာပေးသည်။

အများသူငါ မဏ္ဍပ်ဆောက်နေသည့်နေရာသို့ သူရောက် လာပါက "တွင်းကို အဲသည်လို ကျယ်ကျယ်တူးမှပေါ့၊ ဟုတ်ပြီ၊ မြေစာတွေကို တွင်းနှင့်ဝေးဝေးပို့ထား" စသည်ဖြင့် သူပြောမှ လုပ်ရမှန်းသိသယောင် ထင်မှတ်စေရန် ပြော၏။

တစ်ခုသော နွေနေ့လယ်တွင် လူတစ်ယောက်သည်

ကိုညြစာ ထံသို့ မောကြီးပန်းကြီး ပြေးလာသည်။

"ဒေါ်စိန်ပုရဲ့ နွားကြီးလေ၊ ဘဲဥအိုးထဲ ခေါင်းဝင်နေတာ ထုတ်လို့မရဘူး၊ ဘယ်လိုလုပ်ရင် ကောင်းမတုံး"

"ဒါလေးများ၊ ခက်ခက်နိုးနိုးကွာ၊ နွားရဲ့လည်ကို ဓားနှင့် ပိုင်းပစ်လိုက်ရင် ပြီးတာများ"

အကြံတောင်းသူသည် ဖတ်သီဖတ်သီဖြင့် ပြန်သွား၏။ သို့သော် တစ်အောင့်မျှအကြာတွင် ထိုသူပင် တဖုန်းဖုန်း ပြေးလွှား ရောက်ရှိလာပြန်သည်။

"ကိုညြစာရေ ခင်ဗျားပြောသလို လုပ်တာ နွားတော့ သေ သွားပြီ၊ ဒါပေမယ့် နွားခေါင်းကို ဘဲဥအိုးထဲက ထုတ်လို့ မရ သေးဘူး၊ အဲဒါ"

"လွယ်ပါတယ်ကွာ ဘဲဥအိုးကို ရိုက်ခွဲလိုက်ပေါ့"

ဒေါ်စိန်ပု၏နွားသည် ဓေတ်သဖြင့် အိုးတကာကို လိုက် နမ်းသည်။

ရေနံ့အရတွင် ဘဲဥအိုးထဲသို့ မရအရခေါင်းသွင်းသည်။ ရေသောက်ပြီးသောအခါတွင်ကား ခေါင်းကို ထုတ်မရတော့ခြင်း ဖြစ်ပေသည်။

"ညြစာရာ စကတည်းက ဘဲဥအိုးကို ရိုက်ခွဲလိုက်ရင် နွား အသက်မရှင်ပါလား၊ အခုတော့ မင်းလုပ်ပုံက"

ဒေါ်စိန်ပု၏ နွား သေသည့်အတွက် ဟားသူက ဟား၏။ ရွတ်ချ ပုတ်ခတ်သူက ပုတ်ခတ်၏။

မည်သို့ဖြစ်စေ ကိုညြဇာသည် လူမကြိုက်သော အမှုကို ဆက်လက် လုပ်ဆောင်မြဲ လုပ်နေသည်။ ကြာလာသောအခါ ရွာသူ ရွာသားတွေ အမြင်ကတ်လာသည်။ တီတီတဆိတ် တိုင်ပင်သည်။ ကိုညြဇာ အိပ်ပျော်နေခိုက် ညကြီးသန်းခေါင်အချိန်တွင် တစ်ရွာလုံး ပြောင်းပြေးကြ၏။

တစ်ရွာလုံးပြောင်းပြေးကြပြီး နာရီဝက်အကြာတွင် ကိုညြဇာ လန့်နိုးသည်။ ကြက်သံ မကြား၊ ခွေးသံ မကြားမို့ ထထိုင်သည်။ ဟိုအိမ် သည်အိမ်ကို လှမ်း၍ အသံပြုသည်။ တုံ့ပြန်သံ မလာ။ ကိုညြဇာ အထိတ်တလန့်ဖြင့် အိမ်တွေကို လိုက်လံနှိုးသည်။ တစ်ရွာလုံး မရှိတော့ပြီ။

ကိုညြဇာသည် အထိတ်တလန့်ဖြင့် ရွာပြင်သို့ ပြေးထွက်၏။ ဟိုကြည့် သည်ကြည့် ကြည့်သည်။ လရောင်အောက်၌ တရွေ့ရွေ့သွားနေသူများကို မှုန်မွားမွား မြင်နေရသည်။

သို့ကြောင့် အတင်း ပြေးလိုက်သည်။ ရှေ့မှ သွားနေသူများနှင့် တစ်ခေါ်မရှိတရှိ အကွာအဝေးသို့ ရောက်လာပြီ။ သူသည် ပါးစပ်ဝတွင် လက်ကို ကန့်တော့ပုံစွပ်လျက်–

"ဟေ့ ဟေ့ မင်းတို့တစ်တွေ ရွာပြောင်းတာတော့ ဟုတ်ပါပြီ၊ ဘယ်နေရာမှာ သုသာန်ထားမယ်ဆိုတာ ကြိုကြိုတင်တင် စဉ်းစားထားကြနော်" ဟု မပြောသာ ဖြော်သာ လှမ်း၍ ဆရာလုပ်လိုက်သေး၏။

[ရတနာ့ဝန်းခင်း၊ ၁၉၉၆–အောက်တိုဘာ]

ကောက်ဆွမှာ ကျစ်လျစ်သောဝါးကို
ပြုလုပ်ထားသည်။ ကောက်လှိုင်းများကိုခွဲ၍
လွယ်ကူစေရန် အဖျားကိုချွန်ပြီး
စဉ်းငယ် ကော့ထားသည်။
လျှော်စွသည် ထိုကောက်ဆွ၏အကော့ပိုင်းကို
အဖျားမှ တက်နင်းမိသည်။
ထိုအခါ အရင်းပိုင်းက ထောင်တက်လာသည်။
လျှော်စွ၏နဖူးကို ဖေါင်ခနဲရိုက်ချလိုက်လေသည်။

# ဖျိုင်းကို တက်နင်းခြင်း

တစ်ခါတုန်းက ရွာတစ်ရွာအနီးရှိ ဇရပ်တစ်ဆောင်တွင် မျက်မမြင်နှစ်ဦး အတူတကွ နေထိုင်လျက်ရှိကြသည်။ သူတို့သည် ရွာထဲတွင် နေထိုင်ရာ၌ အနေအထိုင်ကျပ်တည်းခြင်း၊ သူတစ်ပါး အမြင်မတော်မှုများ မဖြစ်စေလိုခြင်း၊ စသည်တို့ကြောင့် ရွာပြင်ထွက်ပြီး နေထိုင်ကြခြင်းဖြစ်ပေ၏။

သူတို့သည် ရွာပြင်ထွက်ပြီး နေရစေကာမူ အစားအသောက် မဆင်းရဲပေ။ ဆွေမျိုးသားချင်းများက ပေးပို့သည်။ ရွာသူ ရွာသားများကလည်း အခါအားလျော်စွာ စားကောင်းသောက်ဖွယ်များ ပေးပို့ကြသည်။

တစ်နေ့တွင် ဘုန်းတော်ကြီးကျောင်းမှ ကျောင်းသားတစ်ဦးက 'နို့ခမ်း' လာပို့သည်။ ဘုန်းတော်ကြီးက အစွန့်ခိုင်းလိုက်သဖြင့် ဖြစ်ပေ၏။ သူတို့သည် နို့ခမ်းကို မြိန်ယှက်စွာ စားသုံးကြရာ 'လျော်စွ' အမည်ရှိ ဒုက္ခိတက ဝမ်းသာအားရ ပြော၏။

"ကောင်းလိုက်တဲ့ နို့ခမ်းကွာ၊ တစ်သက် မေ့တော့မှာ မဟုတ်ဘူး"

ထိုသို့ ရေရွတ်ရာက အဖော် 'ကျော်လှ' အား မေး၏။

"သူငယ်ချင်း ... သူငယ်ချင်း၊ နို့ခမ်းဆိုတာ ဘယ်လိုနေတုန်းဟေ"

လျှော်စွမှ မွေးရာပါ ဒုက္ခိတ ဖြစ်သည်။ သို့ကြောင့် ကြီးမှ ဒုက္ခိတ ဖြစ်လာသော ကျော်လှအား မေးခြင်း ဖြစ်သည်။

"နို့ခမ်းဆိုတာ နွားနို့ကို လုပ်တာ"

လျှော်စွမှာ နွားနို့သော်မှ သောက်ဖူးသူ မဟုတ်။ သို့ အတွက် အခြေခံအားဖြင့် သိရန်ပင် မလွယ်ကူချေ။

"နွားနို့ဆိုတာ ဘယ်လိုနေသတုံး"

"နွားနို့ဆိုတာ ရေလိုပဲကွာ၊ အဖြူရောင်"

ရေကို နေ့တိုင်းသောက်နေရသဖြင့် လျှော်စွ သိပါ၏။ အဖြူရောင်ကိုမူ ခများမှာ မသိရှာ။

"အဖြူရောင် ဟုတ်လား"

ထိုသို့ အမေးခံရတော့မှ လျှော်စွ သိရန်မလွယ်ကြောင်း ကျော်လှ စဉ်းစားမိသည်။

"အေးကွာ၊ ငါက ကြီးကန်းမို့ အဖြူရောင်ကို သိပေမယ့် မင်းက ငယ်ကန်း မဟုတ်လား၊ ဘယ်သိမတုံး"

ထိုသို့ မြည်ရွတ်ပြီးမှ လျှော်စွ နားလည်လွယ်အောင် လှည့်ပြော၏။

"ဟိုဒင်းကွာ၊ နွားနို့ရဲ့ အဖြူရောင်ဟာ ... ဟိုဒင်း ... စေတီတော်တွေ အုတ်တံတိုင်းတွေမှာ သုတ်တဲ့ ထုံး"

"မင်း ပြောတာတွေ တစ်ခုမှ ငါ မသိဘူး"

"အေး ဟုတ်သားပဲ၊ လရောင်လို ... အဲ ... အဲ ... စိတ်မရှိနှင့်ကွာ၊ မှားသွားလို့ပါ"

ပျာပျာသလဲ တောင်းပန်အပြီးတွင် ကျော်လှသည် အတန်ကြာ စဉ်းစား၏။ ထို့နောက် ဝမ်းသာအားရ ပြော၏။

"ညနေကျရင် တို့ခေါင်းပေါ်က ဖြတ်ဖြတ် ပျံသွားရင်း ဂေါ် ဂေါ်နှင့် မြည်သွားတဲ့ အကောင်ကွာ"

"အဲဒီဗျိုင်းကိုလည်း အသံပဲ ငါကြားဖူးတာပါ ကျော်လှရဲ့၊ အကောင်ကိုမှ မမြင်ဖူးတာ"

လျှော်စွ စိတ်ဆိုးလာဟန် ရှိ၏။ အသံ ခက်ထန်လာ၏။

"အဲဒီ ဗျိုင်းလိုပဲ နွားနို့က အဖြူရောင် ရှိတယ်"

လျှော်စွ သိသော အရာဟူ၍ ဗျိုင်းတစ်ခုသာ ရှိသောကြောင့် ကျော်လှမှာ ဗွတ်တိုး၍ ဗျိုင်းရောင်နှင့်သာ နှိုင်းရတော့၏။

"ဒါဖြင့် အဖြူရောင်နွားနို့ဆိုတာ ဂေါ် ဂေါ်မြည်တယ်ပေါ့"

"နွားနို့က ဂေါ် ဂေါ် မမြည်ဘူး၊ ဗျိုင်းက မြည်တာ"

"ဗျိုင်းဆိုတာ ဘယ်လိုနေတုံး ဟင်"

"အတောင်နှစ်ဖက် ရှိတယ်၊ ခြေထောက်နှစ်ချောင်း၊ မျက်လုံးနှစ်လုံး ရှိတယ်၊ ရေစပ်မှာ ငါးကို ဖမ်းစားတယ်"

ထိုရှင်းချက်မှုဖြင့် လျှော်စွ နားမရှင်း။ သို့အတွက် ကျော်လှ

သည်သူ့လက်ဝါးကို စုပုံးလျက် ဗျိုင်းနှုတ်သီး၊ လက်မောင်းကို ဗျိုင်းလည်ပင်းအဖြစ်ထားကာ လှော်စွအား ကိုင်စမ်းအကြည့်ခိုင်းသည်။

"ဗျိုင်းဆိုတာ အဲဒီပုံသဏ္ဌာန် ရှိတယ်၊ မှတ်ထား ဟုတ်ပလား"

လှော်စွမှာ ကျော်လှရှင်းပြသဖြင့် အလွန်ကျေနပ်သွားလေ၏။

ဤသို့ဖြင့် ဆက်လက်၍နေထိုင်လာကြရာ ကျော်လှ အိပ်ပျော်နေသောနေ့ခင်းတစ်ခုတွင် လှော်စွသည် ဇရပ်ပေါ်မှ ဆင်း၏။ ဟိုဟိုသည်သည် လျှောက်၏။ အညောင်းပြေစေရန် ဖြစ်၏။

ဟိုစမ်းစမ်း ဒီစမ်းစမ်းဖြင့် လျှောက်လာရင်းက လှော်စွသည် ကောက်တလင်းထဲသို့ ရောက်လာ၏။ တလင်းထဲမှ လူများမှာ ကိုယ့်အလုပ်နှင့်ကိုယ်မို့ လှော်စွကို သတိမထားမိ။ လှော်စွသည် လျှောက်လာရင်းက ကောက်ဆွတစ်ချောင်းကို တက်နင်းမိလေ၏။

ကောက်ဆွမှာ ကျစ်လျစ်သောဝါးကို ပြုလုပ်ထားသည်။ ကောက်လှိုင်းများကိုဆွ၍လွယ်ကူစေရန် အဖျားကိုချွန်ပြီး စဉ်းငယ်ကော့ထားသည်။ လှော်စွသည် ထိုကောက်ဆွ၏အကော့ပိုင်းကို အဖျားမှ တက်နင်းမိသည်။ ထိုအခါ အရင်းပိုင်းက ထောင်တက်လာသည်။ လှော်စွ၏နဖူးကို ဒေါင်ခနဲ ရိုက်ချလိုက်လေသည်။

အမှတ်တမဲ့ဖြစ်ပေမင့်၊ လှော်စွက သွက်သည်။ ကောက်

ဆွကို လျှင်မြန်စွာ ဖမ်းကိုင်ထားလိုက်သည်။ ကောက်ဆွ၏ အရင်း အဖျားကို သေချာစွာ စမ်းသပ်ကြည့်သည်။ ထို့နောက် တောက် တစ်ချက် ခေါက်လိုက်ကာ–

"တော်တော်ပစ်စလက်ခတ်နိုင်တဲ့သူတွေပဲ၊ ဒါလောက် အရသာရှိတဲ့ နို့မမ်းကို ဖြစ်ကတတ်ဆန်း ထားရက်ကြပလေ ေယ်" ဟု ဗျိုင်းလည်ပင်းနှင့် အသွင်ဆင်သော ဝါးကောက်ဆွကို နို့မမ်းဟု သဘောထားကာ ရေရွတ်လိုက်တော့သည်။

"ညီလေးက ဟင်းချက်တော်သကွ"
မောင်ကြီးက ပလုတ်ပလောင်းပြော၏။
"ကောင်းလိုက်တဲ့ မန်ကျည်းသီးငါးပိချက်၊
အမေ့လက်ရာထက်တောင် ကောင်းတယ်"
မောင်လတ်ကလည်း ချီးမွမ်း၏။
"အေးကွ အားကြီးကောင်းတဲ့ဟင်း"

# ဆုံကြိမ်းလှသဗျာ

မြစ်ဝကျွန်းပေါ် အရပ် လယ်သမားရွာတစ်ရွာတွင် ချစ်ခင်စည်းလုံးညီညွတ်သော သားအမိ သားအဖ ငါးဝယောက် ရှိကြလေသည်။ သားသုံးယောက်မှာ မိဘများကို ရိုသေလေးစားရုံမျှမက အချင်းချင်းလည်း များစွာ ချစ်ခင်ကြလေသည်။ သို့ဖြစ်သောကြောင့် လုပ်ငန်းခွင်မှာ ချောမောအောင်မြင်လျက် ပျော်ရွှင်စွာ ရှိကြလေသည်။

လယ်ဆဲမှ စပါးများ မှတ်ထဲ ကျီထဲသို့ ရောက်သွားချိန်သည် ထိုခေတ် ထိုအချိန်က လယ်သမားများအတွက် အလုပ်မရှိတော့ပေ။ အလုပ်မရှိသောအခါ မကောင်းမှု အားသန်သူများက ဖဲရိုက်၊ ကြက်တိုက်၊ အရက်သောက်သည့်ဘက်သို့ ရောက်သွားကာ ပျက်စီးဆုံးရှုံးကြလေ၏။

သို့သော် ကောင်းမှုဘက်၌ အားသန်သူများကား ရိုးပြတ်မီးရှို့၊ နွားချေးချ၊ နွားတင်းကုတ်ပြင်၊ ထွန်သွား၊ ထွန်တံပြင်ခြင်း

စသည်များလုပ်ကြ၏။ ထို့အပြင် နောက်ဟစ်မိုးစာအတွက် အိမ်သုံးထင်းအတွက် တောတက် ထင်းခုတ်ခြင်း ဖြစ်ပေသည်။

အထက်ဖော်ပြပါ မောင်ကြီးနှင့် မောင်လတ်၊ မောင်ငယ်တို့ကား ကောင်းမှုဘက်၌ အားသန်ကြ၏။ နွားချည်ကြိုး ကျစ်သည်။ ဓနိ ဖျစ်သည်။ ထွန်သွား ထွန်တံ ပြင်သည်။ ညီအစ်ကိုသုံးယောက် တက်ညီလက်ညီ လုပ်ကြသဖြင့် မကြာမီ ပြီးစီးသွားလေ၏။

သို့အတွက် ဖခင်ဖြစ်သူက သကြီန်မတိုင်မီ တောတက်ကာ မျောတိုင်အနည်းငယ်နှင့် ထင်းများ ခုတ်ယူစုဆောင်းကြချေဟု မှာကြားလွှတ်လိုက်လေ၏။ ညီအစ်ကိုသုံးယောက်လည်း စားနပ်ရိက္ခာပြည့်စုံစွာ တင်လျက် လှေတစ်စင်းဖြင့် ထွက်လာခဲ့ကြလေ၏။

မောင်ကြီးနှင့်မောင်လတ် မောင်ငယ်တို့သည် ရေတက်ဖြင့် လိုက်လာကြရာ မိုးမလင်းမီပင် ထင်းတောသို့ ဆိုက်ရောက်ကြသည်။ အိမ်မှ ပါလာသော ထမင်းဟင်းကို စားပြီးကြချိန်တွင် မိုးလင်းလေပြီ။ မောင်ကြီးနှင့် မောင်လတ်သည် ဓားကိုယ်စီ ထမ်းလျက် ကမ်းပေါ် တက်သွားကြလေပြီ။

မောင်ငယ် ကျန်ရစ်သည်။

စင်စစ်အားဖြင့် သူသည် လှေစောင့်ရန် ကျန်ရစ်ခဲ့ခြင်းဖြစ်၏။ သို့ရာတွင် အိမ်မှ ထုတ်ယူခဲ့သော ထမင်းဟင်းတွေ ကုန်နေမှန်းသိသဖြင့် ထမင်းဟင်းချက်ရန် ပြင်ဆင်ရတော့သည်။

အမေက သေသေချာချာ ထည့်ပေးလိုက်၍ ဆန်၊ ဆီ၊ ဆား၊ ငရုတ်၊ ကြက်သွန်၊ ငါးပိသာမက မန်ကျည်းသီးအစိမ်းတွေပင် ပါသေးသည်။ ညီအငယ်ဆုံး မောင်ငယ်သည် ထမင်းအိုးတည်ရင်း စဉ်းစားသည်။

"ဘာဟင်း ချက်ရပါမတုံး"

ငါးပိကို အရည်ကျိုလျှင် ဖြစ်ပါ၏။ ငရုတ်သီးတွေ ဖုတ်၍ ပြီး ထည့်လိုက်ရုံသာ။ သို့သော် မောင်ငယ်သည် ပြီးစလွယ် မလုပ်လို။

"ကိုကြီးနှင့် ကိုလတ် မင်ပင်ပန်းပန်း လုပ်ရပြီး မောမောပန်းပန်း ဆာဆာလောင်လောင်နှင့် ပြန်အလာမှာ ဒီဟင်းနှင့် ကျွေးရမှာ အားနာစရာ ကောင်းတယ်၊ ငါးပိရည်ကျိုခဲမှာ ဟင်းခတ်ကလေးပါရင် တော်သေးရဲ့၊ အခုတော့ ဘာမှ မပါဘူး"

ထမင်းအိုး နပ်တော့မည်။ မောင်ငယ် စဉ်းစား၍ မရသေး။ သို့ဖြင့် ငါးပိရည်ပဲ ကျိုတော့မည် စိတ်ကူးလျက် ဟင်းအိုးကို ပြင်စဉ် မန်ကျည်းသီးစိမ်းတွေကို တွေ့သည်။ သို့အတွက် မန်ကျည်းသီးစိမ်းနှင့် ငရုတ်သီးနှင့်ချက်ရသော် မကောင်းပေလောဟု အတွေးပေါ်ပေါက်သည်။

သို့သော် မန်ကျည်းသီးတွေကို အခွံခွာပြီးကာမှ ထောင်းစရာဆုံ ပါမလာကြောင်း သတိရသည်။ သို့ဖြစ်လျှင် အတောင့်လိုက် ထည့်ချက်မည်၊ ချဉ်သောအရည်သာ ရမည်။ ထမင်းစားသူမှာ အဖတ်ကလေးနှင့် နယ်ဖတ်ပြီးစားရမှ တင်းတိမ်သည်။

မောင်ငယ်သည် ဟင်းအိုးထဲ၌ ကြက်သွန်၊ ငရုတ်၊ ငါးပိ၊ ဆီ၊ ဆား ထည့်သည်။ အရေးပါသော မန်ကျည်းသီးစိမ်းကို မည်သို့ထည့်မည်နည်း။ အတောင့်လိုက်ကား မကောင်း။ လှေကန့်ပေါ်တွင် တင်ပြီး ဓားရိုးဖြင့် ထောင်းကြည့်သည်။ ထောင်းပြီးသော မန်ကျည်းသီး ထဲ၌ သစ်သားမှုန့်တွေ အမျှင်တွေ ပါနေသည်၊ မကောင်း။

"ဟယ် မတတ်နိုင်ပါဘူး စေတနာနှင့် လုပ်တာကပဲ"

မောင်ငယ်သည် အခွံခြစ်ပြီးသော မန်ကျည်းသီးစိမ်းတွေကို စလုံးစခုဖြစ်အောင် ဝါးသည်။ အဝါးမန်ကျည်းသီး ဟင်းအိုးဆူလာသောအခါ အနံ့ကို ရှူရသဖြင့် ကာယကံရှင် မောင်ငယ် ပင်လျှင် သွားရည်ကျလာ၏။

မွန်းတည့်ချိန်တွင် အစ်ကိုနှစ်ယောက် ပြန်ရောက်လာကြသည်။

"ညီလေးရေ မွှေးသဟ ဘာချက်သတုန်း ခူးပါဟ ခပ်ပါဟ"

မောင်ကြီးနှင့် မောင်လတ်တို့ စားမည် ဝါးမည် တကဲကဲ ဖြစ်လာကြ၏။

"အသင့်ပါပဲဗျာ၊ ခါပေမယ့် အစ်ကိုတို့နော်၊ ဖြစ်သလို ချက်ထားရတာကို မကဲ့ရဲ့နဲ့နော်"

ထိုသို့ စကားခံပြီးမှ ခူးခပ်ကျွေးသည်။ သူလည်း အစ်ကို နှစ်ယောက်နှင့်အတူ ထမင်းဝင်စားသည်။ စားသော်လည်း

မောင်ငယ်မှာ သွားတွေကို ဆုံအစားအသုံးဖြုကာ မန်ကျည်းသီးတွေ ဝါးဝါးပြီး တွေးနဲ့ရသည် မဟုတ်လား။ အံသွားတွေကြိမ်းနေသဖြင့် ထမင်း မဝါးနိုင်။ ပြီးစလွယ် မျိုချရ၏။

"ညီလေးက ဟင်းချက်တော်သကွ"

မောင်ကြီးက ပလုတ်ပလောင်း ပြော၏။

"ကောင်းလိုက်တဲ့ မန်ကျည်းသီး ငါးပိချက်၊ အမေ့လက်ရာထက်တောင် ကောင်းတယ်"

မောင်လတ်ကလည်း ချီးမွမ်း၏။

"အေးကွ အားကြီးကောင်းတဲ့ဟင်း"

"ကောင်းပုံကတော့ အစ်ကိုကြီးရေ"

ထိုသို့ ထပ်ပြန်တလဲလဲ အစ်ကိုတွေက ချီးမွမ်းနေသောအခါ မောင်ငယ်မှာ မရိုးမရွဖြစ်လာ၏။ နှစ်လုမ်း သုံးလမ်းစာ ဆုတ်သွားပြီးမှ–

"ကိုကြီးတို့ ကောင်းသလောက် ညီလေးမှာတော့ ဆုံကြိမ်းလှသဗျာ"

ဟု ပြောချလိုက်မိလေတော့၏။

# ကိုတစ်ကဲသာ

တစ်ခါတုန်းက ရွာတစ်ရွာတွင် ကိုတစ်ကဲသာ(ကိုဒဂဲသာ) အမည်ရှိသည့် လူတစ်ယောက် ရှိခဲ့လေသည်။ သူသည် ကြက်မျက်သင့်ထားသောကြောင့် မျက်စိကောင်းစွာ မမြင်ချေ။ သို့ရာတွင် ကိုတစ်ကဲသာသည် မျက်စိမကောင်းကြောင်း ဝန်မခံချေ။ သူ့အား မျက်စိမကောင်းဟု ပြောလျှင်လည်း မကြိုက်ချေ။

တစ်ညတွင် ရွာထဲ၌ မီးလောင်မှု ဖြစ်ပွားလေသည်။ "မီး မီး" အော်သံများ၊ တုံးခေါက်သံများနှင့် မောင်းထုသံများ တစ်ရွာလုံး ဆူညံနေသည်။ ကိုတစ်ကဲသာလည်း အိပ်ရာထဲမှ လူးလဲထသည်။ အသံကြားရာအရပ်သို့ တရကြမ်း ပြေးသည့်တွင် လမ်းဘေးရှိ ရေတွင်းထဲသို့ လိမ့်ကျလေ၏။

မီးမှာ လူနိုင်သောကြောင့် ချက်ချင်း ငြိမ်းသွား၏။ မီးသတ်ရာမှ ပြန်လာသူများသည် ကိုတစ်ကဲသာကို ရေတွင်းထဲ၌ တွေ့ရသဖြင့် လှေကားရှာကာ ထောင်ပေးကြ၏။

"သူများမှာ မိုးသကြားလို့ စိုးရိမ်တကြီး ပြေးရတဲ့အထဲ မင်းက တစ်မျှော်၊ ရေတွင်းထဲများ ယိမ့်ကျရသေးတယ်"

ရင်းနှီးသူတစ်ယောက်က အပြစ်တင်သည့်တွင်–

"အံမာ မင်း ဘာသိတုံး၊ ဒီဘက်ကို မိုးပြန့်လာရင် ရေ ... းထဲမှာ ရေရှိရဲ့လားလို့ ဆင်းကြည့်တာဟေ့"

မမြင်သောကြောင့် လိမ့်ကျသည်ကို ဝန်မခံဘဲ သူက တစ်ပြန်စီး မာန်မဲသေး၏။

ရေတွင်းမှာ ခုနစ်တောင်ခန့်သာ နက်၏။ လှေကားမှာ ဆယ်တောင် ရှည်၏။ ထို့ကြောင့် တွင်းနှုတ်ခမ်းအထက်သို့ သုံး တောင်ခန့် ပိုထွက်နေ၏။

ကိုတစ်ကဲသာသည် လှေကားထစ်များအတိုင်း တက်လာ ရာ ရေတွင်းနှုတ်ခမ်းသို့ ရောက်လာသည်။ သို့ရာတွင် မြေပေါ်သို့ မတက်ဘဲ လှေကားဆုံးသည်အထိ တက်နေသည်။

"ဒိကောင် မမြင်မကန်းနှင့်ကွာ့ တွင်းနှုတ်ခမ်းက ဒီမှာဟ"

သူငယ်ချင်းတစ်ယောက်က ညည်းတွားသည်တွင် ကိုတစ် ကဲသာ ပြန်လည်ချေပပုံမှာ–

"အောင်မယ် ငါများ မမြင်မကန်းတဲ့၊ မိုးညွန့်ကျိုးသွား ပြီလားသိချင်လို့ ထိပ်ရောက်အောင် တက်ကြည့်တာဟေ့"ဟူ ပေ၏။

သို့ဖြင့် ကိုတစ်ကဲသာသည် ရေတွေစိုရွှဲလျက် အိမ်သို့ ပြန်လာ၏။ ချမ်းကလည်း ချမ်း၊ ကောင်းစွာလည်း မမြင်သဖြင့်

အိမ်ပေါ်သို့ အပြေးအလွှားတက်ရာ လှေကားရင်း၌ခွေနေသော ခွေးကို တက်နင်းမိလေ၏။

ကိုတစ်ကဲ့သာသည် ခွေးကို မမြင်သောကြောင့် တက်နင်းမိခြင်းဖြစ်၏။ ခွေးအော်သံကြားတော့မှ ခွေးကိုနင်းမိပါကလား ဟု သိ၏။ သို့တစေ သူမမြင်သည်ကို ဝန်မခံလိုသဖြင့်–

"မှတ်ထားဟ၊ အတက်အဆင်းမှာ လာလာ အိပ်နေတဲ့ကောင်၊ နင့်ကို တက်နင်းချင်နေတာ ကြာပြီ၊ အခုမှပဲ မိတော့တယ်" ဟု ဟန်နှင့်ပန်နှင့် ငေါက်ငန်းလိုက်လေ၏။